
mgyoe.com

SAMPLE BOOK

## အောင်ချိမ့်

# ကက်သလောက်



mgyoe.com

ဒုတိယအကြိမ်

mgyoe.com SAMPLE BOOK

ကြယ်မှုင်တွေ ကျော့ရတ်ခဲ့တွေ။ ပြီးတော့ ကြယ်မှုင်တွေ၊ ကျော့ရတ်ခဲ့တွေ။
တစ်ယောက်မှာ လက်ကျခဲ့တယ်။ တစ်ယောက်မှာ ကျန်းထေခဲ့တယ်။ တစ်ယောက်က
ချောင်းခြောင်းတိုက်ခိုက်ခံခဲ့ရတယ်။ တစ်ယောက်က မန်းမှုတ်နေပြီး တစ်ယောက်က
တကယ် ထလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ အကောင်းတွေချည်း မမျှော်လင့်ခဲ့ပါဘူး။
ဒါပေမဲ့ အဆိုးချည်းပဲဆိုလည်း ဘာလုပ်မှာလဲ။

mgyoe.com

COVER DESIGN: MAUNG DAY

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာအောင်ချိမ့်ရဲ့ **ကက်သလောက်** ပထမအကြိမ် ထုတ်စဉ်က ၁၀ ဦး ပါဝင်ပါတယ်။ အခု ဒုတိယအကြိမ်မှာ ဆရာအောင်ချိမ့် ထပ်မံ ရေးသားဖြစ်တဲ့ ၉ ဦးကို ထပ်မံ ရှာဖွေဖြည့်စွက်ထားပါတယ်။ အဲဒီအထဲကမှ မောင်လေးအောင်၊ ဖော်ဝေးနဲ့ မောင်ချောနွယ်တို့ အကြောင်းက ပြီးပြတ်အောင် ရေးမသွားနိုင်ပါဘူး။ ဒီအတိုင်း တစ်ပိုင်းတစ်စပဲ ထည့်လိုက်နိုင်ပါတယ်။ ဖော်ဝေးမှ အောင်ချိမ့်ဆီ ရေးခဲ့တဲ့ ရှားရှားပါးပါး စာတစ်စောင်ကို အစ်မ ညွန့်ညွန့်သိန်းဆီက ရတဲ့အတွက် ဖော်ဝေးအကြောင်းမှာ ဆက်လက် ဖော်ပြလိုက်ပါတယ်။

ဒီစာအုပ်အတွက် စာအုပ် ထုတ်ခွင့်ပေးသူ ဆရာအောင်ချိမ့် မိသားစု၊ စာအုပ်ထဲမှာ ဖော်ပြထားတဲ့ ပန်းချီပုံတွေအတွက် ဗဂျီအောင်စိုး၊ ယဉ်မင်းပိုက်၊ မုတ်သုံ၊ မူးမူး၊ ဇကေစာချို၊ ကိုကိုနိုင်၊ ဖေစိုးအောင်၊ မန္တလေး အထင်ကရ မဂ္ဂဇင်း အဖွဲ့သားများ၊ ပထမအကြိမ်ကို ထုတ်ဝေခဲ့တဲ့ လူငယ် တစ်ယောက် စာအုပ်တိုက်တို့ကို အထူးကျေးဇူးဥပကာယ တင်ပါကြောင်း ...

**နှစ်ကာလများ စာပေတိုက်**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၇၀

# အောင်ချိမ့်
# ကက်သလောက်

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇၉ ၃၉၃။
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ကက်သလောက်

အောင်ချိမ့်

ဒုတိယအကြိမ်၊ ဩဂုတ်၊ ၂၀၂၄။

ပထမအကြိမ်၊ ဩဂုတ်၊ ၂၀၁၆။

(လူငယ်တစ်ယောက် စာအုပ်တိုက်)

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၀၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး၊ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| – | ကက်သလောက် | ၇ |
| – | ကက်သလောက် နိဒါန်း | ၈ |
| ၁။ | မောင်လူမိုက်။ ပြန်မလာခဲ့သူ | ၁၁ |
| ၂။ | တက္ကသိုလ်မြစိမ်း<br>သူ့ဝတ္ထုထဲမှာ သူ့ဘာသာသူ နေထိုင်ခဲ့သူ | ၁၈ |
| ၃။ | မင်းလူညွန့်ကြူး။ အချစ်ကဗျာ မရေးဖူးသူ | ၃၀ |
| ၄။ | အောင်ခက်၊ သီတာ<br>စာအုပ်တစ်အုပ်နှင့် ကာတွန်းတစ်ကွက် | ၄၃ |
| ၅။ | ခင်ဝမ်း။ ပြည်မှာဆောင်း | ၄၈ |
| ၆။ | မြေချစ်သူ။ လေလွင့်သစ်ရွက် | ၆၅ |
| ၇။ | မေရှင်။ အသက် ၄၁ နှစ်တွင် မန္တလေးသို့ ပြန်သွားပြီး ... | ၇၃ |
| ၈။ | လှသန်း။ နာမည် ရှုပ်ယှက်ခတ်နေတဲ့ နာမည် | ၈၂ |
| ၉။ | ရှူးနေသော နှစ်များ။ ဗဂျီအောင်စိုး | ၉၆ |
| ၁၀။ | သားကြီး ဗဂျီမြင့်စိုး။ ပန်းချီမြင့်စိုး | ၁၁၂ |
| ၁၁။ | ညအချော်မှာ။ နိုင်ဝင်းဆွေ | ၁၂၄ |


mgyoe.com

mgyoe.com SAMPLE BOOK

၁၂။ သို့သော်။ ရဲရဲတောက်။ သခွပ်နီ ၁၃၄
၁၃။ ရန်ကင်း ရှေးဟောင်းလူ။ ဇော်ထွဋ်နိုင် ၁၅၀
၁၄။ ဆင်းရဲသော ကဗျာများ။ ရွှေရ (တောင်ကုတ်) ၁၅၈
၁၅။ ဝင်းအောင်များ ၁၆၇
၁၆။ သန်းဦး (ခ) စစ်အိမ်။ ဂီတလူငယ် ၁၇၆
၁၇။ သူငယ်ချင်း ဖော်ဝေး။ ဖော်ဝေး ၁၈၁
၁၈။ ကျွန်တော်တို့ရှေ့က မောင်လေးအောင် ၁၉၇
၁၉။ မောင်ချောနွယ်။
မောင်ချောနွယ်ဟု ခေါ်သည် ၂၀၃

mgyoe.com

mgyoe.com SAMPLE BOOK

## ကက်သလောက်

**(ပထမအကြိမ် ထုတ်ဝေခြင်း ... မှ)**

ခပ်ငယ်ငယ်က အနုပညာများ စမ်းတဝါးဝါး စူးစမ်းဖတ်ရှုရာမှ ပြခန်း၊ စာကြည့်တိုက်၊ ပြတိုက်များမှာ အသုံးပြုသော (ပြခန်းများရှိ၊ စာကြည့်တိုက်များရှိ၊ ပြတိုက်များရှိ ပန်းချီ၊ ပန်းပုများ၊ စာအုပ်စာတမ်းများ၊ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာများ) ကို ကက်သလောက်ဟု အခေါ်အဝေါ်အားဖြင့် စွဲလမ်းခဲ့လို့ ကွယ်လွန်သွားသော (အထူးသဖြင့်) ကဗျာဆရာများ၊ ချစ်ခင်သူများအကြောင်း ကျွန်တော် ရေးတတ်သလို ရေးတဲ့ ဒီ 'ရေးသားမှုများ'ကို 'ကက်သလောက်' ဟု အမည်နာမ ပေးခြင်း ဖြစ်ပါကြောင်း၊ ကက်သလောက် အသံထွက်မှာလည်း ကျွန်တော် တစ်ယောက်တည်း အသံထွက်တတ်သလို ထွက်ထားခြင်း ဖြစ်ပါကြောင်း။

ကက်သလောက် လက်တွေ့ ဖြစ်ပေါ်လာစေရန် စိတ်ရှည် အနွံတာခံ၍ တစ်လချင်း၊ စာမူ တစ်ရွက်ချင်း၊ နှစ်ရွက်ချင်း စောင့်ယူခဲ့သော မန္တလေး ICON အယ်ဒီတာအဖွဲ့အား မှတ်တမ်းပြုပါကြောင်း ... ကျေးဇူးတင်ပါကြောင်း။



mgyoe.com

mgyoe.com SAMPLE BOOK

## ကက်သလောက် နိဒါန်း

ဘယ်က စမလဲ။ ဘယ်လို စမလဲ။ အနော်ရထာလမ်းက။ ကိုလှချို လက်ဖက်ရည်ဆိုင်က။ ကြို့ကုန်းက။ တောင်တွင်းက။ မကွေးက။ စွယ်တော်ရိပ် စာအုပ်အငှားဆိုင်က။ တောင်ဥက္ကလာက။ မြန်မာပြည်၏ ပထမဆုံး ပန်းချီပြခန်း လောကနတ်က။ ရခိုင်ပြည်နယ်က။ ဗိုလ်ချုပ်ဈေးက။ ကမာရွတ် လှည်းတန်းက။ ပြည်က။ ပြည်လမ်းက။ လိပ်ခုံး ဇင်္ဂမီပြပွဲက။ ရှမ်းပြည်နယ် တောင်ကြီးက။ SAMB ရုံးကြီးက။ ခရေရိပ် လက်ဖက်ရည်ဆိုင်က။ ရတနာလမ်း၊ အိမ်နံပါတ် ၄၁ က။ မန္တလေးက။

အဲဒီတော့ ဖော်ဝေး မရှိတော့ဘူး။ မောင်လေးအောင် မရှိတော့ဘူး။ ဒေါင်းနွယ်ဆွေ မရှိတော့ဘူး။ မင်းလှညွှန့်ကြူး မရှိတော့ဘူး။ သခွပ်နီ မရှိတော့ဘူး။ ပြည်သူ့မုန့်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မရှိတော့ဘူး။ ရွှေကြည်အေး၊ ပွင့်ဦး၊ ဝါဇီ မရှိတော့ဘူး။ မင်းမင်းလတ် မရှိတော့ဘူး။[၁]

ကျွန်တော်တို့ရဲ့ အနုပညာဆိုတာ မရှိတဲ့အရာကို ရှာတာပဲမို့ အခု ကျွန်တော် နိဒါန်းခံနေတာကလည်း မရှိတော့တဲ့ အောက်မေ့ဖွယ်၊ လေးစားဦးညွတ်ဖွယ် လူပုဂ္ဂိုလ်များကို ကြိုးစား ရှာဖွေခြင်းပါပဲ။ [သူတို့က မရှိတော့ဘူးလေ] နှစ်တွေ ပြောင်း၊ ခေတ်တွေ အလီလီ ပြောင်းခဲ့ပြီး၊ ဘဝတွေကို အချိုးချိုး မောင်းခဲ့ပြီ။ နောက်ထပ် အမည်တွေ ဝမ်းနည်းဖွယ် တိုးတိုးလာခဲ့ပြီ။ ကျွန်တော့် ပျင်းရိမှုဟာလည်း ဆင်ခြေတွေ ပိုကောင်းလာတာကိုပါ ဝန်ခံစရာ ရှိလာပါတယ်။

ကြယ်ပွင့်တွေ၊ ကျောက်ခဲတွေ။ ပြီးတော့ ကြယ်ပွင့်တွေ၊ ကျောက်ခဲတွေ။ တစ်ယောက်ဟာ လဲကျခဲ့တယ်။ တစ်ယောက်ဟာ ကုန်းထခဲ့တယ်။ တစ်ယောက်က ချောင်းမြောင်း တိုက်ခိုက်ခံခဲ့ရတယ်။ တစ်ယောက်က မန်းမှုတ်နေပြီး တစ်ယောက်က တကယ် ထလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ အကောင်းတွေချည်း မမျှော်လင့်ပါဘူး။ ဒါပေမဲ့ အဆိုးချည်းပဲဆိုလည်း ဘာလုပ်မှာလဲ။

ယော။ တွေ့ကရာ တုတ်တစ်ချောင်းကို တုတ်ကောက်လုပ်၊ အမှုအရာထည့်ပြီး လှမ်းလာတဲ့ မောင်စိမ်းခေါင်။ ကွယ်လွန်ခါနီးကျမှ ကပ်ပြီး ကျွန်တော့်စားပွဲကို ရောက်လာတဲ့ မြေချစ်သူ။ တချို့က ကံစွပ်ပြီး၊ တချို့က တကယ့်အရည်အချင်း၊ တကယ့် ပါရမီကြောင့် ငွေရှင်၊ ပျော်ရွှင်နေကြတဲ့ ပန်းချီဆရာတွေထဲ တစ်ခါမှ မအောင်ခဲ့ရှာတဲ့ ညီငယ် ညမင်းကျော်။ ထို့အတူ မုတ်ဆိတ်။ အနက်ရောင်တစ်ရောင်တည်းနဲ့၊ စုတ်ချက် တစ်ချက်တည်းနဲ့ ပန်းချီ

---

၁။ 'ငွှန်လ၏ မိုးရေများ'မှ 'အစိမ်းရောင် ဘောလုံးအသင်းသို့'။ အောင်ချိမ့်၊ ၂၀၁၁ ... မှ။

mgyoe.com

mgyoe.com

ရေးတဲ့ ညီလေး မောင်မြင့်စိုး။ ကျွန်တော်တို့ ဒါတွေ၊ ဒီလူတွေ မှုန်ဝါးသွားရင်၊ မှုန်ဝါးဝါးဖြစ်ရင် ကျွန်တော်တို့ ကြီးမားတဲ့ မှတ်ဉာဏ်ချွတ်ယွင်းမှုရောဂါ ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော် စက်နိုးပါတယ်။

နေပါဦး။ မနေနိုင် မထိုင်နိုင် ကျွန်တော် ကိုးကားချက်တစ်ပိုဒ်လောက် ထုတ်နုတ်ပြချင်ပါသေး။

အင်္ဂလိပ်စာပေအဖို့ ဂျွန်ကိစ်တစ်ယောက်
အသေ စောပြီး ဝါ့သ်ဝါဒ်စ် တစ်ယောက်
အသေ နောက်ကျခဲ့သည်မှာ ကံဆိုးမိုးမှောင်
ကျခြင်းပင် ဖြစ်သည်။

*ဆရာမှုးဆက်မွန်*

နေပါဦး။ ကြွေကျသွားတဲ့ ဗာဒံရွက်ကို မိတ်ဆွေတွေ့ဖူးသလား။ အံ့သြလောက်အောင် အရောင်အဆင်း လှလွန်းလှတယ်။

နေပါဦး။ သီချင်းရေးဆရာလေး နှောင်နှောင် (တစ်နေ့တော့ ဖြစ်လာမှာပါ) ကွယ်လွန်တော့ သူ့အဆုတ်ထဲမှာ ထွေးချင်တဲ့ တံတွေးတွေ အများကြီးလား။

နေပါဦး။ ခင်ဗျား ဘယ်နေ့ သေမလဲ၊ သိလား။ မသိဘူးဆိုရင် ကဲ ... စကြစို့။

နေပါဦး။ ကျောက်မြောင်းမှာ သေတဲ့အထိ နေသွားတဲ့ 'သီတာကြီး'ကတော့ ကျန်ခဲ့တဲ့သူများကို အလိုလိုက်တဲ့ အပြုံးနဲ့ တန်းလန်းပဲတဲ့။

**အောင်ချိမ့်**

၂၅၊ ၁၀၊ ၂၀၁၀။

mgyoe.com

mgyoe.com SAMPLE BOOK



# ပြန်မလာခဲ့သူ
## မောင်လူမှိန်

၁။

ကဗျာဆရာဆိုတာ အလကားကောင်တွေပါ။ ပိုက်ဆံမရ၊ ဘာမရနဲ့ အခြောက်တိုက် စိတ်ကြီးဝင်နေသူတွေ။ ဥပမာ၊ ကျွန်တော့်ကို ကြည့်။ ကျွန်တော့် ပက်ပက်စက်စက် ပုံပြင်တွေကို ဒီနေရာမှာ ပြောပြဖို့ မရည်ရွယ်ပါဘူး။

၂။

ခေတ်စကားတစ်ခု ရှိပါတယ်။ 'လျှော့မတွက်နဲ့' ဆိုသမို့လား။ ကျွန်တော် တစ်ယောက်တည်းအနေနဲ့ စာဖတ်သူများကို မေတ္တာရပ်ခံပါရစေ။ ကျွန်တော့် ရေးသားမှုကို အများကြီး မျှော်လင့်မထားစေလိုပါဘူး။ ကျွန်တော့်ဆီက အကောင်းစားတွေ ထွက်လာလိမ့်မယ်လို့ ကျွန်တော် မတတ်နိုင်ပါဘူး။ စကား ပြန်ကောက်ရရင် ကျွန်တော့်ကို 'လျှော့

mgyoe.com

mgyoe.com

တွက်'စေလိုပါတယ်။ ကျွန်တော်ဟာ အလကားကောင် စာရင်း ခပ်ထင်းထင်း ပါခဲ့ရုံအပြင် မထူးလှပါဘူး။

၃။

ကျွန်တော်အစ ဘယ်သူကမှ ဘဝင်မကျကြပါ။ သူ့ကလောင်အမည်ကို။ ကိုသင်းခိုင်ကဆို 'မောင်လူမိုက် မလုပ်နဲ့။ မောင်လူထိန် လုပ်ကွာ'လို့ အသံထွက် ပြောဖူးပါတယ်။ ဟုတ်ပါတယ်။ မောင်လူမိုက် ဆိုတဲ့အမည်ကို ကျွန်တော်တို့ ဘဝင်မကျကြပါ။ ဥပမာ၊ သုခမိန်လှိုင် (ယခင်အမည်က ပိုပြောင်မြောက်သေး)။ ဥပမာ၊ အောင်ချိမ့်။ ဘယ်လောက်ကောင်းတဲ့ ကလောင်အမည်တွေလဲ။ ဒါပေမဲ့ အဲဒီ သုခမိန်လှိုင်တို့၊ အောင်ချိမ့်တို့၊ မောင်ချောနွယ်တို့၊ ဖော်ဝေးတို့ ဆိုတာမှာ ဒဏ်ရာ ဗရပွ၊ အစော်ကားခံရမှု အရာအထောင်နဲ့ပါ။ ဖော်ဝေးဆို အစောကြီး သေပေးခဲ့ရပါတယ်။ ဘာကြောင့် သေရတာလဲလို့ ခင်ဗျား သိချင်သေးလား။ မသိချင်ပါနဲ့ဗျာ။ ဒါပေမဲ့ သူ ပြောခဲ့ပါတယ်။ 'ကဗျာဆရာဆိုတာ ဝဋ်နာကံနာသည်တွေပါ'တဲ့။ ကျွန်တော်တို့ဟာ ဆရာဇော်ဂျီ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ဆရာမင်းသုဝဏ် မဟုတ်ပါဘူး။ ဆရာဒဂုန်တာရာ မဟုတ်ပါဘူး။ (ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဒဂုန်တာရာဟာ တစ်ဦးကိုတစ်ဦး နားလည်ပေးကြပါတယ်) ကျွန်တော်တို့ဟာ အဲသလို ဇာတာ မပါခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အစ်ကိုကြီး ဒေါင်းနွယ်ဆွေ မဟုတ်ပါဘူး။

၄။

မြန်မာပြည်အထက်ပိုင်း သတင်းစာတစ်စောင်တွင် သတင်းနှင့် သတင်းဓာတ်ပုံတစ်ပုံ ပါရှိပါတယ်။ ၁၉၇၅ လောက်က။ သတင်းခေါင်းစဉ်မှာ 'သဘင်သည်များ နိုင်ငံရေး နားမလည်' ဟူ၍။ မြန်မာပြည်အထက်ပိုင်း ဇာတ်သဘင်တစ်ခုမှ သဘင်သည်များရဲ့ ဓာတ်ပုံပါပဲ။ အဲဒီဓာတ်ပုံထဲမှာ မောင်လူမိုက် ပါပါတယ်။ သူ့ပြဇာတ်တစ်ပုဒ်ကြောင့် ပြဿနာ

mgyoe.com

 mgyoe.com SAMPLE BOOK 

တက်တော့ သူက 'ကျွန်တော်တို့ သဘင်သည်တွေဟာ နိုင်ငံရေး နား မလည်ပါဘူး'လို့ ဆင်ဇေ့ရန်ရှောင် ဖြေရှင်းလို့ ဒီသတင်းခေါင်းစဉ် အတပ်ခံရတာပါ။ အဲဒီအကြောင်း ကျွန်တော် အခု သတိရတော့ ပြုံးတုံ့တုံ့ ဖြစ်ရပါတယ်။ မောင်လူမိုန်ဟာ မြန်မာပြည်အထက်ပိုင်း ဇာတ်သဘင် လောကရဲ့ ဝင်ဆံ့သူတစ်ဦး ဖြစ်ပါတယ်။ သူဟာ ကန်မြဲကိုအေးကျော် ဆန်ဆန် လူတစ်ယောက်ပါပဲ။ ထင်ရှားအောင်မြင်မှုထက် ကိုယ့်အလုပ် ကိုယ် တကုပ်ကုပ် လုပ်နိုင်ဖို့ပဲပေါ့။

၁၉၇၀ သာသာမှာ ကျွန်တော်တို့တွေ။ သုခမိန်လှိုင်၊ မောင်ချော နွယ်၊ မောင်လူမိုန်၊ ကျွန်တော်တို့ဟာ မိုးဝေမဂ္ဂဇင်းမှာ မရှေးမနှောင်း 'နွေဦးညနေခင်း'၊ 'ဘတ်စ်မှတ်တိုင်'၊ 'ကားပျက်ကြီးသမိုင်း'၊ 'မဲခေါင်မြစ် ကမ်းများ အောင်ပွဲသို့' စတဲ့ ကဗျာတစ်ပုဒ်စီနဲ့ စာဖတ်သူများ မှတ်မိခဲ့ ကြပါတယ်။ မောင်လူမိုန်ရဲ့ ကဗျာများဟာ အညာကျေးလက် အမူအရာ များ၊ အညာရစ်သမ်များ (အဲဒီ ရစ်သမ်ဆိုတာကြီး အခြားသူများ နား လည်အောင် ကျွန်တော် ရှင်းမပြတတ်ပါ)၊ အညာရနံ့များနဲ့ မွှေးနေပါ တယ်။ လူအနေနဲ့ဆို သူဟာ ဇာတ်ထဲက ပြဇာတ်မင်းသားနဲ့ တူပါတယ်။ ကျွန်တော်နဲ့ မုတ်သုံ မြင်းခြံကို အလည်ရောက်တော့ တည်းအိမ်ကို မောင်လူမိုန် ရောက်လာပြီး ကျွန်တော်တို့ကို တည့်တည့်ကြီး တွေ့ပြီးမှ ဘေးတစောင်းဟန် ပြောင်းလိုက်ကာ မြို့တော်သိန်းအောင်လို အမူအရာ နဲ့ ပြဇာတ်ထဲမှာလို စကားဆို နှုတ်ဆက်ပါတယ်။

'ကိုယ့်လူတို့ မြင်းခြံရောက်ရောက်ချင်း ကိုယ် သိပါတယ်။ ကိုယ် အခုမှ ရောက်တာကို စိတ်မဆိုးပါနဲ့'

၅။

ညဘက်မှာ အိမ်ရှင် 'မြေမှိုင်း'က ဆိုင်မှာ ထမင်းကျွေးတော့ မောင် လူမိုန်က 'ကိုယ့်အတွက်တော့ အိပ်မက်ထဲက နိဗ္ဗာန်ပါပဲ'ဆိုလို့ နောက် ပိုင်းမှာ မုတ်သုံက ပြောမဆုံးတော့ပါဘူး။ ထမင်းတစ်နပ်ကို အိပ်မက် ရော၊ နိဗ္ဗာန်ရော နှစ်ထပ်ဆင့်ထားတာကိုး။ အဲဒီထမင်းဆိုင်မှာ လူအတော်

mgyoe.com

စုံခဲ့လို့ သူ့ကို လူကြီး၊ ကလေး၊ လူရွယ်၊ လူကြီး အားလုံး ဗိုလ်မှိန်၊ ဗိုလ်မှိန်နဲ့ တစ်မှိန်တည်း မှိန်နေလို့ သြော်၊ သူဟာ မြင်းခြံမှာ၊ သူ့ဘဝမှာ၊ သူ့လောကမှာ၊ သူ့အနုပညာမှာ သူဟာ 'မှိန်သော ကြယ်'ပါလား ဆိုတာ သဘာဝကျကျ ကျွန်တော် လက်ခံမိပါတယ်။ မောင်လှဝင်း တစ်ယောက်သာ သူ့ကို ဖိုးစန်းလှိုင်လို့ ခေါ်ပါတယ်။ (ဟုတ်ပါတယ်။ တစ်ဘဝလုံးမှာ သူဟာ ခပ်မှိန်မှိန်ပဲ နေခဲ့ပါတယ်။ ခပ်မှိန်မှိန်ပဲ သေခဲ့ပါတယ်) ဒါကြောင့်ပဲ ကျွန်တော့် 'ကက်သလောက်'မှာ သူ ရှေ့ဆုံးက ထွက်လာ သလား မသိပါဘူး။

မြင်းခြံ ဓလေ့တစ်ခုကို မြေမှိုင်းက ပြောပြပါတယ်။ မြင်းခြံမှာ သင်္ကြန်မှာ စင်ထိုး ကကြပြီး သီတင်းကျွတ်ကျမှ သံချပ်ထိုးကြပါသတဲ့။ အဲဒီ သီတင်းကျွတ်မှာ ထိုးတဲ့ သင်္ကြန်သံချပ်အဖွဲ့တွေထဲမှာ 'သံချပ် အတိုင် အကောင်းဆုံးသူဟာ ဗိုလ်မှိန့်အဖေ။ ဒုတိယ အကောင်းဆုံးက ကျွန်တော်တဲ့'၊ ဖြစ်ရပလေ။

ကျွန်တော်တို့ သင်္ကြန်မှာ အော်ခဲ့ကြတဲ့ နှစ်တစ်နှစ်မှာ မောင်လူမှိန် ဆီက ကျွန်တော်တို့ ထိုးဖို့ သံချပ်အချို့ ရေးပို့ပါတယ်။ သံချပ်အသံက လုံးဝ တိုင်လို့၊ ထိုးလို့ မရပါဘူး။ အဲဒါနဲ့ အသာ ခေါက်ထားလိုက်ပြီး သူ အလာကို စောင့်ပါတယ်။ ရောက်လာတော့ ကိုယ့်လူက 'ဆရာ ဒဂုန် တာရာက ပြောတယ်။ စာလုံးတစ်လုံးစီမှာ အသံတစ်ခုစီ ရှိတယ်'... တဲ့။ ဒါနဲ့ ကျွန်တော်က 'အဲဒီတော့ ရှိတဲ့အသံတွေနဲ့ သူငယ်ချင်း ဆိုပြ လေ' ဆိုတော့ 'ဒါတော့ ကိုယ်လည်း မသိဘူးလေ'... တဲ့။ မခက်ဘူးလား။

၆။

'တော်လှန်ကဗျာ' ထွက်ခါစမှာ မြင်းခြံကို ကိုယ်စားပြု တာဝန်ရှိ သူလို ရန်ကုန်ကို ဆင်းချလာပါတယ်။ 'တော်လှန်ကဗျာ'မှာ 'ကဗျာနဲ့ ကဗျာဆရာ ထပ်တူကျရေး' လိုင်း တင်ထားတာကို အရေးတကြီး လာ ဆွေးနွေးတာ ဆိုပဲ။ 'ထပ်တူကျရေးဆိုတာ ငါးမူးစေ့လို ထပ်တူလား၊ တစ်မတ်စေ့လို ထပ်တူလား၊ ဆယ်ပြားစေ့လို ထပ်တူလား' ဆိုပဲ။ ဒီက

mgyoe.com

mgyoe.com SAMPLE BOOK


လူတွေ သဘောကျနေကြပါတယ်။ ပန်းချီဝသုန်နဲ့လည်း ဆုံလို့ စကားဖွဲ့တော့ 'သစ်ထွင်းပန်းချီ'အကြောင်း သူက ဦးဆောင်ဆွေးနွေးလို့ ဝသုန်လည်း သူ့ကို သဘောကျသွားပါတယ်။

မြင်းခြံ ပြန်ပြီး ကျွန်တော့်ဆီ စာရေးတော့ စာထဲမှာ 'ဝသုန်ဟာ ပြည်သူ့ပန်းချီဆရာ ဖြစ်ရဲ့လား' ... တဲ့။ မောင်လူမိုက်ရဲ့ လက်ရေးဟာ ကျောက်ခေတ်လူသားများ နံရံမှာ၊ သစ်ပင်မှာ ချွန်ထက်တဲ့အရာနဲ့ ရေးခြစ်ထားသလို ဆိုးဆိုးဝါးဝါး ချစ်စရာကောင်းပါတယ်။

၇။

သူ့ကဗျာတွေဟာ ပုံမှန်နဲ့ ပုံမှန်ထက် သာတဲ့ ကဗျာတွေလို့ ဆိုရပါမယ်။ ကျွန်တော်တို့ မိုးဝေမှ ထွက်ခွာလာတော့ သူ ကျန်ခဲ့တယ် ထင်ပါတယ်။ အဲဒီအတွင်း ဖတ်ရတဲ့ကဗျာတွေဟာ ပုံမှန်ကဗျာတွေပါပဲ။ ၈၈ နောက်ပိုင်း 'သဘာဝ သင်းကွဲ' ဟိုက္ကူလို ကဗျာဟာ ဟိန်းထွက်လာပါတယ်။ ဒါပေမဲ့ အဲဒီကဗျာဆင်ဆင် ကဗျာတွေ ထပ်ထပ် ရေးလာတော့ မကောင်းတော့ပါဘူး။ သူဟာ ကဗျာပို့ရင် အများကြီး ပို့ပါတယ်။ တစ်ခါပို့ရင် ၁၀ ပုဒ်လောက် ပို့ပါတယ်။ ရေးအား ကောင်းတယ်လို့ပဲ ဆိုရပါမယ်။ (နောင်တော်ကြီး 'တင်မိုး'ဆို သူ့သူငယ်ချင်းတစ်ယောက် ပြောပြချက်အရ ကဗျာပုဒ်ရေ ၈၀၀၀ ကျော် ရှိတယ် ဆိုပါတယ်) ကျွန်တော့်ဆီမှာကို သူ့လက်ရေးနဲ့ မထည့်၊ မသုံးရသေးတဲ့ ကဗျာတွေ ရှိပါသေးတယ်။

၈။

သူ့မှာ ဟာသ ရှိပါတယ်။ ဟာသဟာ ရယ်စရာသက်သက်လည်း ဖြစ်သွားတတ်ပါတယ်။ ကျွန်တော်တို့ဆီ ပို့တဲ့ ကဗျာတစ်ပုဒ်ရဲ့ခေါင်းစဉ်က 'သေချင်ပြီ ထင်တယ်' လို့ ဖြစ်ပါတယ်။ ကိုလေးအောင်က အဲဒီကဗျာကို ဖတ်ပြီး 'ကိုရင့် ကဗျာခေါင်းစဉ်က ရယ်ရတယ်' (အမှန်အတိုင်းမှာ ပြောတာ အဲသလို မဟုတ်ပါဘူး။ ကျွန်တော်က နားခံသာအောင် ပြင်ရေးထားတာပါ)။ ပြောတော့ အတန်ကြာ ငြိမ်နေပြီး 'ကိုလေးအောင်ရဲ့

mgyoe.com

mgyoe.com

'ဂေပွန်ကို အလိုရှိဦးမည်လော'ကရော ရယ်စရာ သရော်ထားတာပဲ မဟုတ်လား'လို့ မခံချင်စိတ်နဲ့ ပြန်ပက်ပါတယ်။

တစ်ခါသား သူ့ဘာသူ တစ်ယောက်တည်း ကြားရုံ 'အစ်မ ကြီးတော့ အမိအရာ၊ အစ်ကို ကြီးတော့ အဖိအရာ'လို့ နဘေထပ်ပြီး ပါးစပ်ကို လက်နဲ့အုပ်ကာ အကြိမ်ကြိမ် ရွတ်လိုက်၊ ရယ်လိုက် ကျေနပ်နေပါတယ်။

၉။

တစ်နှစ်မှာ လေဖြတ်တယ်လို့ ကြားမိတယ်။ ခုနှစ်ကို သိရှိ မှတ်မိသူများ ဖြည့်စွက်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ သိပ်မကြာခင် ရန်ကုန်လာတော့ သွားတာလာတာ၊ လှုပ်တာပြုတာ ခပ်ဆိုင်းဆိုင်း ဖြစ်နေပေမဲ့ သူ့ကြည့်ရတာ လန်းပါတယ်။ တစ်ပုံတည်းသော ဓာတ်ပုံမှာ တွေ့တွေ့နေသလို လျှာထိုးဦးထုပ်လေး အမြဲ ဆောင်းလျက်သား အိုက်တင်ပေးနေပုံကို ခင်ဗျားတို့လည်း မှတ်မိမှာပါ။ အရက်လည်း ပိုသောက်လာပါတယ်။ အမူးယဉ်ယဉ်ပါပဲ။ သောက်နေရာကနေ ယစ်လာရင် ဘယ်သူမှ မသိလိုက်ဘဲ ပျောက်ပျောက်သွားတတ်ပါတယ်။ လူတွေကလည်း ဒီလိုပဲ ပျောက်နေကျဆိုတော့ အလေးမမူတော့ပါဘူး။ ရိုးသွားတာပေါ့လေ။

၁၀။

ခါတိုင်းတော့ အဲသလို ပျောက်ပျောက်သွားပြီး နောက်တစ်နေ့မှာ ထုံးစံအတိုင်း ရယ်ကျဲကျဲနဲ့ ပြန်ပေါ်လာတာပဲလေ။

၁၁။

ဒီတစ်ခါတော့ ပြန်ပေါ်မလာတော့ပါဘူး။

၁၂။

ရေနစ်ပြီး ကွယ်လွန်တယ်လို့ ၃–၄ လ အကြာမှာ ကျွန်တော်တို့

mgyoe.com

SAMPLE BOOK


သတင်းရပါတယ်။

**နောက်ဆက်တွဲ**

ဟုတ်ချင်လည်း ဟုတ်မယ်၊ ဟုတ်ချင်မှလည်း ဟုတ်မယ်။ သတင်းက ဒီလို ရှိပါတယ်။ သူ့ပရိသတ် သို့မဟုတ် သူ့မိတ်ဆွေတစ်ယောက် ကျောက် အောင်လို့ ပထမဆုံး အမှတ်ရတဲ့ အလုပ်ကို လုပ်ပါတယ်။ မောင်လူမိုက် ကဗျာပေါင်းချုပ်စာအုပ် ထုတ်ဝေရန်။ အဲဒီတုန်းမှာ ဘာလို့မှန်း မသိ၊ သူ့မိတ်ဆွေ ဆုံးပါးသွားပါတယ်။ ဒါနဲ့ မသေခင် သူညီကို အမှာစကား ထားခဲ့တာကြောင့် မောင်လူမိုက် ကဗျာစာအုပ် ထုတ်ဝေရန် သူ့မိတ်ဆွေ ညီ၊ မြင်းခြံအလာ ကားမှောက်ပြီး ဆုံးပြန်သတဲ့။ ယခုထက်တိုင် မောင်လူမိုက် ကဗျာစာအုပ် ထွက်မလာနိုင်တော့ပါ။

■

mgyoe.com

mgyoe.com
SAMPLE BOOK



# တက္ကသိုလ်မြစိမ်း
## သူ့ဝတ္ထုထဲမှာ သူ့ဘာသာသူ နေထိုင်ခဲ့သူ

တက္ကသိုလ်မြစိမ်းဟု ဆိုသဖြင့် ဆရာတိုက်စိုးပါ ပါဝင်လာမှာ ဖြစ်တာကြောင့် ဆရာ့အား ခွင့်ပြုပါရန် ကျွန်တော် အနူးအညွတ် ...

၁။

၁၉၈၃၊ တစ်ခုသော နေ့လယ်ခင်း။ ရွှေဘုံသာလမ်း အထက်ဘလောက်မှာ အမျိုးသမီးကြီးတစ်ဦး လမ်းလျှောက်လာစဉ် လူငယ် တစ်ယောက်နှင့် ကျွန်တော် ပလက်ဖောင်း လက်ဖက်ရည်ဆိုင် ထိုင်နေရာမှ လှမ်းနှုတ်ဆက်လိုက်ရာ ...

'ဟော၊ ဟော ... ငါ့ကို တစ်ယောက်ယောက်က နှုတ်ဆက်နေပြီ။ ဘယ်သူပါလိမ့်။ သြော် ...' ဆိုကာ ဒေါ်မြစိမ်း ဝင်ထိုင်ပါတယ်။ လက်ဖက်ရည် သောက်ပါတယ်။ နေကာမျက်မှန်အမည်း တပ်လျက်၊ နှုတ်ခမ်း တင်းတင်း စေ့လျက်။ သူ့မူအတိုင်း။ တက္ကသိုလ်မြစိမ်း နှုတ်ခမ်းတင်း၊ မျက်နှာတင်းပုံမှာ ရန်လိုသော၊ စွာသော ဘက်အထိ ရောက်နေသော မျက်နှာပိုင်ရှင် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


၂။

'တေးမြို့ငှက်'၊ 'တေးမြို့ငှက် အမှာစာ' နှင့် 'ဂန္ဓဝင်မမ' အစရှိသည့် စာမူများကို ဒေါ်မြင့်မြင့်သန်း (ခေါ်) တက္ကသိုလ်မြစိမ်းက စာပေစိစစ်ရေးမှူး သူမ ရုံးစားပွဲသို့ စေတနာသက်သက်ဖြင့် ခွဲတမ်းရောက်အောင် ယူ၍ ကျွန်တော်တို့ကို ကူညီခဲ့ပါတယ်။ သူ့ နောက်ပိုင်း ပြောပြချက်အရ မော်ဒန်ကို အားပေးလိုသောကြောင့်ဟု ဆိုပါတယ်။ အဲဒီ စာပေစိစစ်ရေးမှူး အမှုထမ်းဘဝမှ စပြီး တက္ကသိုလ်မြစိမ်းနှင့် ကျွန်တော် ခင်မင်ရင်းနှီးခဲ့ခြင်းမှာ သူတို့ဇနီးမောင်နှံ နေထိုင်ခဲ့ရာ အစဉ်အတိုင်း စမ်းချောင်း၊ မြေနီကုန်း၊ တောင်ဥက္ကလာ ဝေဇယန္တာ (ဝေဇယန္တာမှာ ဆရာတိုက်စိုး ကွယ်လွန်)၊ တောင်ဥက္ကလာ မြင်သာ (မြင်သာမှာ မိန်းမဖော်တစ်ဦးနှင့် ဒေါ်မြစိမ်းတစ်ယောက် နေထိုင်ခဲ့၊ ကွယ်လွန်ခဲ့။ အဲဒီနာရေး နှစ်ခုစလုံး ကျွန်တော် နာရေး မပို့ဖြစ်ပါ။ အလွန် ဝမ်းနည်းကြောင်း ဖော်ပြလိုပါတယ်) သို့ ကျွန်တော် အလည်အပတ်သော် လည်းကောင်း၊ ကိစ္စဖြင့်သော် လည်းကောင်း ကျွန်တော် ရောက်လေ့ ရှိပါတယ်။ များသောအားဖြင့် တက္ကသိုလ်မြစိမ်းနှင့် အတွေ့များသော်လည်း၊ အကြိမ်များများလည်း ဆရာနှင့်ပါ တွေ့ဆုံရတတ်ပါတယ်။ ဒါကြောင့်ပင် ဆရာတိုက်စိုး၏ ငယ်သူငယ်ချင်း သမိုင်းဝင် 'လေထီးဦးအုန်းမောင်'နှင့် ဆရာတို့ မိတ်ဆက်ပေးသောကြောင့် သိကျွမ်းခဲ့ပါတယ်။ ဆရာဒဂုန်တာရာကို သူ၏ မင်းနှင့် ငါ ပြောဖက် သူငယ်ချင်းဟုလည်း ဆရာက ပြောပြပါတယ်။ အိုးဝေဦးညိုမြလည်း ညနေဘက်၊ ညနေဘက် ရောက်လာတတ်ကြောင်း၊ ရောက်လာလျှင် ပုလင်းတစ်လုံး တောင်းကာ အဖြူရည်နှင့် ပြန်ဝင်လာတတ်ပြီး ညအိပ်ပြီး စကားပြောဆို ဆွေးနွေးတတ်ကြောင်းလည်း ပါပါတယ်။

တက္ကသိုလ်မြစိမ်းနှင့် စကားပြောရသောအခါ အိပ်မက်ထဲမှာ ပြောရသလို စကားအဆက်အစပ် မဲ့နေပြီး ဝါကျများ ကျိုးပျက်နေတတ်ပါတယ်။ တစ်ခါ အပြိုင်ပြောကြပြီး တစ်ယောက်စကား တစ်ယောက် ဆုံးအောင် မစောင့်ဘဲ မျက်နှာချင်းဆိုင် ထရမ်းပက် ပြိုင်တူ မှုတ်သလိုနှင့်

mgyoe.com

mgyoe.com  SAMPLE BOOK 

လည်း တူပါတယ်။ ဆရာတိုက်စိုးနှင့် စကားပြောရသောအခါ 'အမေး နွားကျောင်းသား၊ အဖြေ ဘုရားလောင်း'ဟူသော စကားကို ကျွန်တော် တန်းသတိရပါတယ်။

၃။

'စာပေလုပ်သားအဖွဲ့'မှ ဆရာတိုက်စိုး နုတ်ထွက်တဲ့အကြောင်းကို ပြောပြရာတွင် မရှေးမနှောင်းပင် ဆရာမြဇင်လည်း နုတ်ထွက်ပါတယ်။ ထိုစဉ်က သတင်းစာများတွင် ကျွန်တော်တို့ ဖတ်ရပါတယ်။ ထိုအကြောင်း ကို 'ကျွန်တော်နဲ့ ဦးဝင်းဖေ (ဆရာမြဇင်) မဆုံဖြစ်ကြဘူး။ ကိုယ့်သဘော နဲ့ ကိုယ် ထွက်ကြတယ်'ဟု ကျွန်တော့်ကို ပြောပြပါတယ်။ နောင်အခါ 'သမိုင်းဖြစ်ရပ်မှန် ပြုစုရေးအဖွဲ့'မှ ဆရာတိုက်စိုးအမည် တွေ့ရ၍ ကျွန် တော်က မေးကြည့်သောအခါ 'ကျွန်တော့်မူက စာမှာ ရှိရင် (On Paper) လက်ခံမယ်'ဟူ၍ ဖြစ်ပါတယ်။ ပေရွက်ပေါ်၊ စာရွက်ပေါ်၊ စာပုံနှိပ်ပေါ်ဟု ဆိုလိုပါတယ်။ သမိုင်းကို လက်တွေ့ကျကျ တိကျ သုတေသနမှု ဖြစ် ပါတယ်။

၄။

နွေဦး ထုတ်ဝေရန် စကားဆုံဖြစ်သောအခါ ဆရာတိုက်စိုးက စာမူ တစ်ခု ဘာသာပြန်ပေးပါတယ်။ နွေဦး ၂ မထုတ်ဖြစ်တော့ ကျွန်တော် အားနာရပါတယ်။ (နွေဦး ထွက်တော့မည် မဟုတ်ပါ)

'ရှင် ... ဖောင်းဖြစ်သွားတယ်'ဟု ကျွန်တော့်ကို တက္ကသိုလ်မြစိမ်း က ဆိုပါတယ်။ ကျွန်တော်တို့ဆီမှာ ထုတ်ဝေမည့်စာအုပ်များ မထုတ် ဖြစ်ပုံမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပါတယ်။ သူတို့မောင်နှံ (ဆရာတိုက်စိုးတို့ မှာ) အလွန် 'ဘိုဆန်' (အင်္ဂလိပ်ဆန်) သူများ ဖြစ်၍ ထုတ်ဝေမည်ဆိုပြီး စာမူကို တောင်း၍ မထုတ်ဖြစ်ခြင်းကို 'ဖောင်း'ဟု ယူဆပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၅။

၁၉၆၀ များတွင် ဆရာဇော်ဂျီ အစရှိသော ခေတ်စမ်းဆရာများ အပြင် ဆရာတိုက်စိုးတို့၏ ဝတ္ထု မဟုတ်သော၊ ဆောင်းပါး မဟုတ်သော၊ ကျောင်းသင် စာစီစာကုံး မဟုတ်သော၊ ဖတ်၍ကောင်းသော 'အစမ်းစာ' အမည်ဖြင့်၊ ထို့နောက် 'စာတမ်း'ဟူ၍ တိုနံ့နံ့ အရေးအသားကို ကျွန်တော် တို့ ဖတ်ရပါတယ်။

ထို့နောက် အလွန်တွင် 'ငွေတာရီမဂ္ဂဇင်း'မှာ ထိုအရေးအသား ဆန်ဆန် ကဏ္ဍ ဖွင့်ပေးထားဖူးပါတယ်။ ဆရာတိုက်စိုး၏ 'တိုက်စိုးစာ တိုနံ့နံ့'မှာ ထင်ရှားပါတယ်။ ဆရာတိုက်စိုး၏ စာဟန်မှာ ဣန္ဒြေရ၊ တိကျ ပြီး အရသာရှိပါတယ်။ ယခုအခါ တွင်ကျယ်လာသော၊ အက်ဆေးဟု ခေါ်သော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကမ္ဘာ့အရေးတို့ ရောနှော၍ မထိတထိ ရေးသားနည်းမှာ ထိုမှ စပါတယ်။ ကျွန်တော့်မှတ်ဉာဏ်မှာ ' ငနုငယ် ... နင် ယောကျာ်း မဟုတ်သလော'ဟူသော စောဥမ္မာ၏ တွေ ဝေမှုကင်း၊ တင်းပြတ်သော အသံကို ဆရာတိုက်စိုး ကလောင်ဖျားမှ ယနေ့တိုင် ကြားမိပါတယ်။

၆။

မြေနီကုန်းအိမ်ကို ကန်ထရိုက်ပေး၍ ဆောက်သောအခါ မြေညီ ထပ်အပါ အခန်း ၃–၄ ခန်း ဆရာတို့ ရပါတယ်။ အပေါ်ဆုံးအထပ် အခန်းကို စာအုပ်များ သတ်သတ် ထားပါတယ်။ စာအုပ်များ အလွန် များပြားပါတယ်။

ဆရာတို့တွင် ကားတစ်စီး ရှိပါတယ်။ အဲဒီတုန်းက ခေတ်စား သော အက်စ်အီးကား အဖြူရောင် ဖြစ်ပါတယ်။ ကားကို ဒေါ်မြစိမ်းသာ မောင်းပါတယ်။

တစ်ခါက မဂ္ဂဇင်းထုတ်ရန် ကျွန်တော်က ဆွယ်ပါတယ်။ 'စံပယ်ဖြူ မဂ္ဂဇင်း'ကို ထုတ်ရန်။ ကျွန်တော့်မှာ စံပယ်ဖြူမဂ္ဂဇင်းနှင့် ပတ်သက်၍ ခံစားမှုတစ်ခု ရှိပါတယ်။ ဒါကို ဒေါ်ခင်ဆွေဥးပင် သိဟန် မတူပါ။

mgyoe.com

mgyoe.com SAMPLE BOOK

စံပယ်ဖြူကို ကြိုးစားပမ်းစား ထုတ်ဝေရင်း စာရေးဆရာ အစ်မကြီး ခင်ဆွေဦး (ဒေါ်ခင်ဆွေဦး) တို့ သားအမိတစ်တွေ တောင်ဥက္ကလာ၊ ၃ ရပ်ကွက်ရှိ အကောင်းစားတိုက်ကြီး ပြုတ်သွားခြင်းကို ကျွန်တော် မှတ်မိနေ၍ ဖြစ်ပါတယ်။ ထိုခံစားချက်ကြောင့် ဖြစ်နိုင်ခြေရှိသူတိုင်းကို စံပယ်ဖြူ ထုတ်ဝေရန် ကျွန်တော် တိုက်တွန်းစည်းရုံးလေ့ ရှိပါတယ်။ ထိုမဂ္ဂဇင်းကြောင့် ဒေါ်ခင်ဆွေဦးတို့ မိသားစုမှာ နှစ်များစွာ အိုးအိမ်လက်လွတ်ဖြစ်ခဲ့ပါတယ်။ ဒေါ်မြစိမ်းက အောက်ပါစကားဖြင့် စံပယ်ဖြူ ထုတ်ဝေဖို့ သဘောတူပါတယ်။

'ဟောဟိုက အက်စ်အီးကားဟာ ကျွန်မ တစ်လက်ကိုင်၊ ကားသန့်တယ်။ လိုချင်သူ ရှိတယ်။ ကားသန့်လို့ အဲဒါကို ရောင်းမယ်။ စံပယ်ဖြူထုတ်မယ်။ ဒါပေမဲ့ အယ်ဒီတာအဖွဲ့မှာ ရှင် ပါရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ကျွန်မ သူငယ်ချင်းမို့ပဲ'

သူမ (ဒေါ်မြစိမ်း) နှင့် ကျွန်တော် အသက် (---) ကွာပါတယ်။ သို့သော် သူမက သူငယ်ချင်းဟု ဆိုပါတယ်။ ကျွန်တော်က ဒေါ်မြစိမ်းဟုသာ ခေါ်ပါတယ်။ စကားပြောတိုင်း ထိုစကား ပါပါတယ်။ မောင်သစ်မင်းကိုလည်း ထိုသို့ သဘောထားပါတယ်။ မောင်သစ်မင်းမှာ ကျွန်တော့်ထက် ငယ်ပါတယ်။

'ကျွန်မတို့ သူငယ်ချင်း သီချင်းလည်း ရေးတယ်။ သူ့အမျိုးသမီး ဆုံးသွားတယ်လေ။ သူ့နာမည် ကျွန်မ မေ့နေတယ်'ဟု ကွယ်လွန်ခါနီး မြင်သာအိမ်တွင် ကျွန်တော့်ကို သတင်းမေးပါတယ်။ မောင်သစ်မင်းကို ရည်ရွယ်ခြင်း ဖြစ်ပါတယ်။

၇။

ဆက်ပြောရလျှင် စံပယ်ဖြူမဂ္ဂဇင်းကိစ္စ ပျက်သွားပါတယ်။ 'ဖြစ်လွယ် ပျက်လွယ်'ဟု ဆိုလျှင် ကြားရ အဆင်ပြေမယ် ထင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


၈။

အဲဒီနောက် အဖြစ်အပျက်များဟာ မြန်ခဲ့ပါတယ်။

၉။

အဲဒီနောက် ဘာကြောင့်မှန်း ယခုထက်တိုင် ကျွန်တော် မသိပါဘူး။ ဒေါ်မြစိမ်း 'ဝိုးချဲလ်'ပေါ် ရောက်ပါတယ်။ တောင်ဥက္ကလာ၊ ဝေဇယန္တာသို့ ပြောင်းရွှေ့ကြပါတယ်။

၁၀။

အဲဒီနောက် ဆရာတိုက်စိုးလည်း လည်ချောင်းရောဂါ ဖြစ်ပါတယ်။ ဆေးရုံ အကြိမ်ကြိမ် တက်ရပါတယ်။ ဒေါ်မြစိမ်းကား 'ဝိုးချဲလ်'ပေါ်မှာ...

၁၁။

အဲဒီနောက် အထူးဆေးခန်းတစ်ခုတွင် ဆရာတိုက်စိုး ကွယ်လွန်ပါတယ်။

၁၂။

ဆရာတိုက်စိုး နာမကျန်းစဉ် ကျွန်တော်တို့ သတင်းမေး သွားဖြစ်ခဲ့ကြပါတယ်။ ဆရာတိုက်စိုးတို့ အိမ်မှာ ရှေ့ဘက်တန်းတွင် အိမ်မရှိဘဲ ချောင်းကလေးတစ်ခုနှင့် မီးရထားလမ်းသာ ယှဉ်လျက် ရှိပါတယ်။ အိမ်မှာလည်း လမ်း၏အစွန်ဆုံးတွင် ရှိလျက်၊ ပြီးလျှင် အိမ်မရှိတော့ပါဘူး။ လမ်းစွန်း အိမ်ရှေ့ သစ်ပင်ရိပ်ကြီးတွင် မြန်မာ့အသံ တူရိယာအဖွဲ့တစ်ဖွဲ့နှင့် အဖွဲ့သားများ အေးရာအေးကြောင်း အဖန်ရည် မြုံ့လျက် (အဖန်ရည်မှာ ဘာအဖန်ရည်မှန်း မသိပါ) အမြည်း နှိုက်လျက်။ တူရိယာ ကောက်တီးလျက်။ သီချင်း ကောက်ဆိုလျက်။ ဘာသာဘာဝ သာသာယာယာ ရှိပါတယ် (ဆရာတိုက်စိုး၏ နောက်ဆုံးအချိန်များဟာ ဇာတာကောင်းလေတာလား)။

mgyoe.com

mgyoe.com  SAMPLE BOOK 

ထိုအချိန်များတွင် ဆရာတိုက်စိုးမှာ ကျွန်တော်တို့ထံမှ 'မေးခွန်း' များကိုသာ အလိုရှိဟန် တူပါတယ်။ ကျွန်တော်တို့က ဆရာ စကား များများ မပြောစေလို၍ အာလာပသလ္လာပ စကားမျှသာ ဆိုသော်လည်း ဆရာက အလွန်ထက်သန် ရွှင်လန်းစွာ၊ ရှည်လျားစွာ စကား တရစပ် ပြောပါတယ်။ ပြီးတော့ လန်းဆန်း ရွှင်ပျပါတယ်။ အသံမှာ 'စွာ'နေပါ တယ်။ လူမှာလည်း နွမ်းတာ ပန်းတာ ဟန်မျှ မပြပါ။ သို့သော် ကျွန် တော်တို့မှာ ခပ်ကျဲကျဲသာ သွားပါတယ်။ ထိုအချိန်များတွင် ဒေါ်မြစိမ်း မှာ 'ပိုးချဲလ်'ပေါ်မှ (မျက်နှာထား တင်းခြင်းမှ မျက်နှာမဲ့ခြင်းသို့ ပြောင်းလွဲ၊ သို့သော် ဆံပင်တိုတို ညှပ်ပစ်ကာ၊ နူတ်ခမ်းနီ၊ မိတ်ကပ် အမြဲလိမ်းနေ) မဲ့၍၊ ငေး၍ စကားဝိုင်းအနီးတွင် အစအဆုံး ရှိတတ်ပါတယ်။

၁၃။

အဲဒီနောက် ဆရာတိုက်စိုး ကွယ်လွန်ပြီး မကြာမီ တောင်ဥက္ကလာ၊ မြင်သာ (ဆရာဒဂုန်တာရာ မိသားစု၏ 'ပန်းကြာဝတ်မှုန်' ဆောင်းရာသီ စံအိမ်အနီး) သို့ မိန်းကလေးအဖော် တစ်ယောက်နှင့် ပြောင်းခဲ့ပြန်ပါတယ်။

၁၄။

'ဟိုဘက်နားမှာ စာရေးဆရာမ တက္ကသိုလ်မြစိမ်း ပြောင်းလာတယ်။ အဲဒါ ဦးအောင်ချိမ့် ရောက်ရင် လိုက်ပို့ပေးပါလို့ မှာထားတယ်' ဆိုကာ ဆရာဒဂုန်တာရာ မြေးလေးက ကျွန်တော့်အား တက္ကသိုလ်မြစိမ်း အိမ်သို့ လိုက်ပို့ပေးပါတယ်။ တောင်ဥက္ကလာ၊ မြင်သာအိမ် ဖြစ်ပါတယ်။ သစ်ရိပ် မြိုင်၍ အေးချမ်းပြီး သန့်ပြန့်သော စာသင်ကျောင်းကလေးအနီးမှာ ဖြစ် ပါတယ်။

'သြော်၊ ဖခင်ကြီးဆီက ဝင်လာတာပေါ့လေ'ဟု ခပ်ရွှင်ရွှင် ဆိုပါ တယ်။ ဖခင်ကြီးဟု ဆိုလိုက်သည်မှာ 'စာပေဖခင်ကြီး'ဟု တရားဝင် ဆို လိုက်ခြင်း ဖြစ်ပါတယ်။ နောက်ပြောင်ခြင်း မဟုတ်ပါ။ လေးနက်မှုဖြင့် လေးစားစွာ ဆိုခြင်း ဖြစ်ပါတယ်။ အဲဒီမှ စ၍ စကား ဆက်တိုက်ပြော

mgyoe.com

mgyoe.com SAMPLE BOOK

ပါတယ်။ နောက်အခေါက်များမှာလည်း ထိုသို့ပင်။ သည်ကဲ့သို့ဟု ...။

၁၅။

ကျွန်မ စာပေနဲ့ အများကြီး ဝေးကွာသွားတယ်။ ဒါပေမဲ့ အခု ပြန်ကောက်ကိုင်ကြည့်တော့ ကျွန်မအတွက် ဘာမှ မထူးခြားပါဘူး။ ကျွန်မ ရေးပြမယ်၊ ကြည့်နေ၊ ရဲရဲတောက်။ သူ့ပညာလောက်နဲ့ ရမလား။ ကျွန်မ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ တပည့်ပဲ။ ဆရာဦးတိုက်စိုး ဆိုရင် ...။ ငယ်တာ ကောင်းပါတယ်။ ကျွန်မ သိပ်သတ္တိရှိတယ်။ ဟုတ်တယ်။ ကျွန်မ နေကောင်းလားလို့ ရှင် မမေးဘူးနော်။ မေးစရာ မလိုဘူးနော်။ အခိုင်အခံ့ စာပေတိုက်တစ်ခုနဲ့ ကျွန်မ အလုပ်လုပ်မယ်။ ကျွန်မ ဂရုမစိုက်ဘူး။ ကျွန်မတို့ စာအုပ်စင်ကို သူတို့ ဘယ်လို တန်ဖိုးဖြတ်မှာလဲ။ ကျွန်မတို့ ဘဝက ကျွန်မတို့ မနေခဲ့သလိုပဲ။ အဲဒါ ဦးသန်းထွဋ် အမွေလေ၊ ကြောင်တွေ။ ကျွန်မ ဝတ္ထုတွေလား။ အိမ်က ခေါင်နိမ့်တယ်။ ပူတယ်။ ရှင် မဖတ်ဖူးဘူးလား။ ကျွန်မတို့ ဖရိုဖရဲ ဖြစ်နေတယ်နော်။ ကျွန်မ ပန်းချီ ––––– နဲ့ စကားများတယ်။ ရှင်က ကွန်မြူနစ်လား။ ဟိုအဘိုးကြီးတွေ သိပ်စကား များတာပဲ။ အခုခေတ်ကတော့ တစ်မျိုးကြီး။ ဒီလိုဆို ဟို စာအုပ် ...။

၁၆။

ထိုသို့ ပြောဆိုနေရင်း ဆံပင်ပြင်၊ မျက်နှာလိမ်း၊ နှုတ်ခမ်းဆိုးလျက်။ ကျွန်တော့်အတွက် အကောင်းစားမုန့်၊ အကောင်းစား အအေးများနဲ့ တည်ခင်းသော်လည်း ပြင်ဆင်ထားပုံကတော့ မတော်မတည့်သာ ဖြစ်နေလေ့ရှိပါတယ်။ တွေ့ရာ ပန်းကန်၊ တွေ့ရာ ဖန်ခွက်များသာ ဖြစ်နေလေ့ ရှိပါတယ်။ အဖိုးတန် မုန့်များ၊ အအေးရည်များ၊ ကော်ဖီများနဲ့ လိုက်ဖက်သင့်လျော်သော အသုံးအဆောင်များ မဖြစ်ကြပါ။ သတိထားဟန်လည်း မပေါ်ပါဘူး။

ရုတ်တရက် စကားပြော ရပ်ကာ အိမ်ရှေ့ ခြံတံခါးဆီသို့သာ

mgyoe.com

mgyoe.com

တမေ့တမော ငေးမောနေပါတယ်။ အခန်းမှာ တိတ်ဆိတ်သွားပါတယ်။ ပြီးမှ 'ဟာ ... ကျွန်မက ရှင် ပြန်သွားပြီလား'လို့ ပြောပါတယ်။ တကယ် ပြောတာ ဖြစ်ပါတယ်။ ကျွန်တော်က 'တိုင်းမင်းကြီး သမီး၊ ညွန်ကြားရေးမှူးချုပ် ကတော်၊ ခင်ရွှေအေး ...'

'အဲဒါ ဒေါ်မြစိမ်း အတ္ထုပ္ပတ္တိတစ်ဝက် မဟုတ်လား'ဟု ကျွန်တော်က သူမ၏ ငိုက်မျဉ်းတွေဝေနေခြင်းကို အခွင့်အရေးယူလိုက်ကာ ကောက်မေးလိုက်ပါတယ်။ သို့သော် သူမဟာ သတိကောင်းလာကာ ...

'စာအုပ်ရှေ့မှာ ပါတယ်လေ။ စိတ်ကူးယဉ်ဝတ္ထု'လို့ အပြုံးစွက်၍ ပြောပါတယ်။ ပြီးတော့ စာသားအပြည့်အစုံ ရွတ်ပြပါတယ်။

(ဤဝတ္ထုသည် ကျွန်မအကြောင်းကို ရေးသားထားခြင်း မဟုတ်ပါ။ ဝတ္ထုတွင် ပါဝင်သော ဇာတ်ကောင်များမှာ စိတ်ကူးယဉ်သာ ဖြစ်သည်)

ဒါကို အခု ပြန်စဉ်းစားတော့ ကျွန်တော်တို့ နောက်ဆုံး တွေ့ခဲ့တာ ဖြစ်နိုင်ပါတယ်။

၁၇။

'တိုင်းမင်းကြီး သမီး'၊ 'ညွန်ကြားရေးမှူးချုပ် ကတော်' ခင်ရွှေအေးမှာ မကွေးသို့ လေယာဉ်ဖြင့်အသွား ခုံချင်းကပ်လျက်မှာ ပန်းချီဝေမှိုင်း ခေါ် ဗိုလ်မှူးဝင်းမြင့်ကို အခြားရည်းစားတွေ အများကြီး ကြားမှ ချစ်ခဲ့ပါတယ်။ ဗိုလ်မှူးဝင်းမြင့်မှာ အိမ်ထောင်လက်ရှိပါ။ ဒီလို အိမ်ထောင်လက်ရှိကို ခင်ရွှေအေး ချစ်ခဲ့တာကို ဝတ္ထုတစ်အုပ်လုံး ဆုံးသွားတဲ့အထိ ဘယ်နေရာမှာမှ ဖြေချမသွားပါဘူး။ အဲဒီဝတ္ထုရဲ့ အပြန်အလှန် စကားပြောခန်းများဟာ စိတ်ဝင်စားဖွယ်ကောင်းပြီး အလွန် ဆွဲဆောင်နိုင်ပါတယ်။

၁၈။

'မမကြည်အေးဟာ ကျွန်မ စံပဲ'

'မမကြည်အေးက လူတွေကို အထင်သေးတယ်။ အဲဒါ ကျွန်မ ကြိုက်တာပဲ'

mgyoe.com

mgyoe.com

ကျွန်တော်ကလည်း တက္ကသိုလ်မြစိမ်းကို အဲသလိုပဲ ကြိုက်ခဲ့ပါတယ်။ ယခုခေတ် ဝတ္ထုများ ကောင်းလွန်း၍ သူမက မကြိုက်ပါဘူး။ ကျွန်တော်ကလည်း သဘောတူပါတယ်။ ယခုခေတ် ဝတ္ထုတွေ အရမ်းကောင်းနေပါတယ်။ ကျွန်တော်က 'အင်္ဂလိပ်ကဗျာစပ်သူ'အကြောင်း နည်းနည်း ပြောပြပါ ဆိုသောအခါ သူမက 'အင်္ဂလိပ်ကဗျာစပ်သူ'မှာ ပါတဲ့ ကဗျာနှစ်ပုဒ်ကို ကျွန်မ ရေးတာလေ၊ ဘယ့်နှယ်လဲ'ဆိုပြီး တိုးညင်းစွာ ရွတ်ပြပါတယ်။

အချစ်၊ ဘယ်မှာလဲ အချစ်
အချစ်၊ ဘယ်သွားနေလဲ အချစ်
အချစ်၊ ဘယ်တော့ ပြန်လာမလဲ အချစ်
အချစ်၊ ဘယ်တော့မှ တွေးမဆုံးနိုင်တဲ့ အချစ်။
ချစ်သူကို တွေ့သော်လည်း
ချစ်သူက မတွေ့ဘူး။
အချစ်က တွေ့သော်လည်း
အချစ်က ရောက်မလာဘူး။
လှိုင်းထန်လေထန်တဲ့ ဘဝမှာ
ချစ်သူကို လက်တွဲ လျှောက်ချင်သော်လည်း
သူမ ပျောက်သွားတယ်။

ထိုကဗျာများမှာ 'ဂါးဒီးယန်းမဂ္ဂဇင်းမှာ' 'အင်္ဂလိပ်ကဗျာစပ်သူ' က 'အင်္ဂလိပ်ကဗျာစပ်သူ' ဝတ္ထုတွင် စပ်ခဲ့ပါတယ်။ 'ဒါပေမဲ့ အလွန်ပျော်ရွှင်စရာကောင်းတဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ဇာတ်သိမ်းနဲ့ ဝတ္ထုလည်း ကျွန်မ ရေးခဲ့သေးတယ်လေ ...'

'နောက်တိုး' ဝတ္ထုကို ညွှန်းပါတယ်။

ဟုတ်ပါတယ်။ 'နောက်တိုး'ဟာ တစ်အုပ်လုံး ရင်မ,နေရပေမဲ့ အဆုံးတွင် ရှင်းလင်းစွာ 'ဟင်းချ' နိုင်ခဲ့ပါတယ်။ ထို 'နောက်တိုး' မှ

mgyoe.com

mgyoe.com SAMPLE BOOK

မင်းသမီး ခင်တိုး ခေါ် ကတိုးစိန်မှာ အလွန် ချစ်စရာကောင်းပါတယ်။ ခင်တိုး သို့မဟုတ် ကတိုးစိန်မှာ မဗေဒါထက် အငြိမ့်သမ ပိုဆန်၊ သဘင်သည် ပိုဆန်၊ ဖက်ခွက်စား (အဲဒီ အသုံးအနှုန်းဟာ ခင်တိုး ကိုယ်တိုင် သုံးလို့ ယူသုံးပါတယ်) ပိုဆန်၊ ပိုပီသပါတယ်။ ခင်တိုးအပေါ် ခင်တိုး၏ မြို့ပိုင်မင်း အချစ်မှာလည်း သူမတူအောင် လွမ်းလောက်ပါတယ်။ သူ ချစ်ဇာတ်လမ်း ခင်းပုံများ။

'ဒါဆို ကျွန်မအကြောင်း ပြောပါရစေဦး။ ကျွန်မ အကြောင်း သိပြီးမှ ချစ်တယ်၊ မချစ်ဘူး၊ လက်ထပ်နိုင်တယ်၊ လက်မထပ်နိုင်ဘူး ပြန်ပြောလေ'

'ကောင်းပြီ'

'ကျွန်မ အပျို မဟုတ်ဘူး မြို့ပိုင်မင်း။ ကျွန်မ ငယ်ငယ် ယိမ်းသမ ဘဝတုန်းက အခု စစ်ကိုင်းမင်းကြီး ဖြစ်နေတဲ့ ဟသ်ာတ အင်္ဂလိပ် အရေးပိုင်မင်းနဲ့ သွားအိပ်ခဲ့ရတယ်။ ကျွန်မ ငယ်ငယ်လေးကတည်းက အပျိုရည် ပျက်ခဲ့ရတယ်။ တစ်ခါလည်း မအူပင် သွားက,တုန်း မအူပင်က စတီးဘရားသား ကိုယ်စားလှယ်တော်ကြီး မစ္စတာရောဘတ် ဆိုတာကို ဖျော်ဖြေခဲ့ရသေးတယ်။ အဖေ ဆိုင်းထောင်ဖို့ ပိုက်ဆံ မလုံလောက်လို့ ပုသိမ်က သူဌေးနဲ့ ...'

'တော်တော့'

'ကျွန်တော် မခင်တိုးကို ချစ်တာ မခင်တိုး သိပြီနော်။ မခင်တိုးကကော ကျွန်တော့်ကို ...'

'အော် ... ဒါလား မြို့ပိုင်မင်းရယ်။ ခင်တိုးကလည်း မြို့ပိုင်မင်းကို သင်္ဘောပေါ်မှာ တွေ့ကတည်းက ချစ်ပါတယ်။ အင်္ဂပူမှာ အငြိမ့်ကနေတုန်း မြို့ပိုင်မင်း လာတုန်းကများ ဘယ်လို ဝမ်းသာမှန်း မသိဘူး။ ကျွန်မ

mgyoe.com

m g y
SAMPLE BOOK

က မြို့ပိုင်မင်း အခေါ်လွှတ်မလားလို့ ကျွန်မ တမျှော်မျှော်နဲ့ပါပဲ။ မြို့ပိုင်မင်းက ဘယ်လိုပဲ ချစ်ချစ်၊ ကျွန်မ ချစ်ဖို့ အသင့်ပါပဲ'တဲ့။

တက္ကသိုလ်မြစိမ်း၏ ဝတ္ထုများမှာ အရေးမကြီးဟန် လွယ်လွယ်ပြေပြေ၍ ရေးရင်း တဖြည်းဖြည်း မြင့်တက် လေးနက်လာကာ ပြီးဆုံးသွားလေ့ ရှိပါတယ်။ ကျွန်တော်ဟာ တက္ကသိုလ်မြစိမ်း ဝတ္ထုများကို စွဲလမ်းသူ တစ်ယောက် ဖြစ်ပါတယ်။ သူမ ကိုယ်ရေးအကျဉ်းတွင် ထည့်မရေးလျှင် ရပါလျက် အောက်ပါအတိုင်း ရေးခဲ့ပါတယ်။

၁၉၅၆ ခုနှစ်တွင် ဖခင် သဘောတူညီမှု မပါဘဲ ဆရာတိုက်စိုးနှင့် ရုံးတွင် လက်မှတ်ရေးထိုး လက်ထပ်သည်။

ကျွန်တော် တက္ကသိုလ်မြစိမ်းကို မရေးတတ်၊ ရေးတတ် ရေးနေစဉ် သတင်းစာမှာ နာရေးကြော်ငြာတစ်ခု ဖတ်လိုက်ရပါတယ်။ ခေါ်ချိုချိုရည် (ပန်းဝေဝေရုပ်ရှင်) အသက် --- ဟု။ ဒါရိုက်တာ၊ စာရေးဆရာ မောင်ဝဏ္ဏ၏ဇနီး ဖြစ်ပါတယ်။ မောင်ဝဏ္ဏ ဆုံးပြီးနောက် လပိုင်းသာ ခြားပါတယ်။ မောင်ဝဏ္ဏ ဆုံးတော့ ရေဝေး သင်္ချိုင်္ဟခန်းထဲ အလောင်းကို တွန်းသွင်းလိုက်စဉ် မချိုရည်မှာ မျက်ရည်မကျ၊ မျက်တောင်မခတ်၊ အသံမထွက်ဘဲ နေရာတွင်ပင် တောင့်တောင့်ကြီး ရပ်လျက် ကျန်ရစ်ပုံကို ကျွန်တော် မြင်ယောင်နေပါတယ်။ တစ်ဆက်တည်း တွံတေးသိန်းတန် ကွယ်လွန်ပြီး သိပ်မကြာခင် ချစ်စံပယ် ကွယ်လွန်ခဲ့တာကိုလည်း ကျွန်တော် မှတ်မိနေပါတယ်။

ဆရာတိုက်စိုး ကွယ်လွန်ပြီး လိုက်သေသလို တက္ကသိုလ်မြစိမ်း ကွယ်လွန်သွားခဲ့ပါပြီ။ ကျွန်တော့်မှာ သူမ၏ သတိရဖွယ်များကို ဒီမျှသာ ရေးဖွဲ့နိုင်ပါတယ်။ ကျွန်တော် စွမ်းသလောက်။

■

mgyoe.com

mgyoe.com SAMPLE BOOK



# မင်းလူညွန့်ကြူး
## အချစ်ကဗျာ မရေးဖူးသူ

၁။

၁၉၇၀ များ ဝန်းကျင် မိုးဝေမဂ္ဂဇင်း ရုံးခန်းဟာ လွမ်းစရာပါပဲ။ အဲဒီ လွမ်းစရာက ကျွန်တော်တို့ရဲ့ အရွယ်၊ ကျွန်တော်တို့ နုပျိုမှုပေါ့။ ကျွန်တော်တို့မှာ ၂၀ နှင့် ၂၅ နှစ်ကြား။ အပင်ပန်းခံနိုင်၊ စွန့်လွှတ်နိုင်၊ ယုံကြည်ချက် ကြီးမားနိုင်၊ သတ္တိ ကြီးမားနိုင်မှုတွေဟာ အလိုလို ရှိနေတဲ့ တန်ခိုးလိုပဲ။ နေသွေးနီ၊ မောင်လေးအောင်၊ မောင်သင်းခိုင်တို့ကို အမှူးထားပြီး ဆရာနတ်နွယ်က ကျွန်တော်တို့ကို စုစည်းဖို့ နေရာပေးထားပါတယ်။ မြန်မာပြည် တစ်နံတစ်လျားမှ တိုးတက်သော ကဗျာဆရာများ၊ စာရေးဆရာများ တရုန်းရုန်း ဝင်ထွက်ခဲ့ကြတဲ့ နေရာပေါ့။

အဲဒီ လွမ်းစရာကောင်းတဲ့ မိုးဝေရုံးခန်းဟာ ၁၀ ပေ၊ ၅ ပေခန့်သာ ရှိပါတယ်။ အယ်ဒီတာစားပွဲ နှစ်လုံး၊ စာမူစင် တစ်ခု၊ သောက်ရေအိုးစင် တစ်လုံးနဲ့ပေါ့လေ။ ရုံးခန်းရှေ့မှာ ခပ်ရွယ်ရွယ် ဗာဒံပင်တစ်ပင်

mgyoe.com

m g y
SAMPLE BOOK


ရှိပြီး အဲဒီ ဗာဒံပင်ရိပ်အောက်မှာ ခေါက်စားပွဲ၊ ခေါက်ကုလားထိုင် တစ်စုံ ချထားပါတယ်။ အဲဒီစားပွဲပေါ်မှာ စစ်တုရင်ခုံ ချထားပါတယ်။ ခပ်လှမ်းလှမ်း ရဲဌာနရှေ့မှာ တရုတ် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဟာလည်း မိုးဝေ အယ်ဒီတာအဖွဲ့ရဲ့ ဧည့်ခန်းပေါ့လေ။ အဲဒီဧည့်ခန်းကနေ လှစ်ခနဲ အရပ်ပျပ်ပျပ်၊ အဝတ်အစား ကပိုကရိုနဲ့ မိုးဝေတိုက်ပေါ် တက်သွားတာကို တစ်ယောက်က လှမ်းပြပါတယ်။ ပြောပါတယ်။ 'မင်းလှညွန့်ကြူးလေ'။ ကျွန်တော် ရင်ခုန်သွားပါတယ်။ မင်းလှညွန့်ကြူး။ ကလောင်အမည်က အစ ကျွန်တော် ကြိုက်ခဲ့တဲ့ ကဗျာဆရာ။ ဘာဖြစ်လို့ ကလောင်အမည် ကြိုက်တာ ထည့်ပြောသလဲဆိုတော့ ထိုစဉ်က ကျွန်တော့်အတွက် ကလောင်အမည်ကို ကျွန်တော် ရွေးနေ၊ ရှာနေတဲ့ အချိန်မို့လို့။ အခု လှမ်းမြင်တွေ့ဖူးလိုက်ရ လှစ်ခနဲ။ ကျွန်တော်တို့မှာ မာနကြီး တစ်ခွဲသားနဲ့ သူ့ရှိရာ သွားမတွေ့။ သွားမနှုတ်ဆက်၊ သွားမတွေ့ပါဘူး။

## ၂။

၁၉၆၅၊ ၆၆ နှစ်တွေမှာ ကျွန်တော်ဟာ ဘဝတက္ကသိုလ်ကို ရောက်ခဲ့ပါတယ်။ အဲဒီမှာ ရဲဘော်များ၊ နောင်တော်များ၊ ကျောင်းဘော်ဒါဆောင် တစ်ခုမှာ စုပေါင်းနေကြသလို ပျော်ရွှင်စွာ (ပျော်ရွှင်စွာလို့ ပြောနိုင်ပါတယ်) နေထိုင်ခဲ့ကြရပါတယ်။ ရင်မောဖွယ် စွန့်စားမှုများ၊ ရှေ့လာမည့် အဖြစ်အပျက်များ ဖလှယ် ဆွေးနွေး စကားမကုန် ရှိခဲ့ပါတယ်။ ဝါသနာတူသူများမှာ စာပေ ဆွေးနွေးခဲ့ကြပါတယ်။ ဇိနတ္ထပကာသနီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စာစဉ်၊ ရှုမဝ၊ သွေးသောက်၊ ငွေတာရီ၊ မြဝတီ မဂ္ဂဇင်းများ အစဉ်အဆက် လက်ဆင့်ကမ်းကာ အပုံလိုက် ရှိပါတယ်။ ဒီတော့ ရှုမဝမဂ္ဂဇင်းမှာ မင်းလှညွန့်ကြူးကို ကျွန်တော် အသည်းစွဲခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ဖတ်ခွင့်ရတဲ့ ထိုမဂ္ဂဇင်း လေးစောင်မှာ ကဗျာအပါအဝင် စာမူများဟာ ဖတ်လို့ ကောင်းပါတယ်။ ကျွန်တော်ဟာ မဂ္ဂဇင်းတစ်အုပ်ကို ဆွဲယူပြီး ကျရာစာမျက်နှာ လှန်ကာ ဖတ်ရှုလေ့ရှိပါတယ်။ ကောင်းပါတယ်။ ကဗျာကိုတော့ အထူးပေါ့လေ။ ဒါပေမဲ့

mgyoe.com

အဲဒီကဗျာတွေဟာ 'အခု ငါ ရေးနေတဲ့ဟာလောက်ပါပဲ'လို့ ကျွန်တော် အမြဲ စဉ်းစားမိလေ့ ရှိပါတယ်။ အခန်းထဲမှာ နာမည်ရ ကဗျာဆရာများလည်း ရှိပါတယ်။ ဟောဒီမှာ မင်းလူညွန့်ကြူး တစ်ပုဒ်။ ကျွန်တော် လန့်သွားပါတယ်။ 'ပါးစပ်၊ နှလုံးသားနှင့် ဝေဒနာ'ကဗျာ ဖြစ်ပါတယ်။

**ပါးစပ်၊ နှလုံးသားနှင့်ဝေဒနာ**

'သူ့ကို သိတယ် မဟုတ်လား
ကဗျာဆရာ '----' ဆိုတာပေါ့'
မိတ်ဆွေသစ်မျက်နှာ အားနာလေဟန်။
'အော် ကြားဘူးပါတယ်
ကြားဘူးပါတယ်'
ပြုံးရယ်လိုက်ပြီး၊ မိတ်ဆွေကြီးသည်
ဖြီးလိုက်ပါလေ၏။

ကျုပ်တို့ဆီမှာ
ကဗျာဆရာ၊ ထောင်ရာသောင်းရာ
ပေါလှပါ၏။ အ၊ အာ၊ အိ၊ အီ
မပီခင်က၊ ကဗျာစ၍
ရေးကြပါ၏။

ကြည့်ပါ
ဟိုဟာလဲ ကဗျာဆရာ
သည်မှာလဲ ကဗျာဆရာ
ကဗျာဆရာ
တရာမှ တကျပ်နှုန်း၊ ဈေးနှုန်းကပ်ပြီး
ဈေးစပ်မှာတောင် ရောင်းနိုင်ရဲ့။

mgyoe.com

  SAMPLE BOOK 

ရှုမဝ ...
မြဝတီ ...
ငွေတာရီ ...
သွေးသောက် ... ထဲက
ဝတ္ထုလောက်သာ
ခင်ဗျား ဖတ်မှာပေါ့။ ။

(၁၉၆၆၊ ဇွန်၊ ရှုမဝမဂ္ဂဇင်းပါ မင်းလူညွန့်ကြူး၏ ကဗျာကို မူရင်းသတ်ပုံအတိုင်း ပြန်လည်ဖော်ပြပါသည် – ICON အယ်ဒီတာအဖွဲ့)

အထက်ပါကဗျာ (မင်းလူညွန့်ကြူး၏ 'ပါးစပ်၊ နှလုံးသားနှင့် ဝေဒနာ'ကဗျာ) ဟာ ကောက်နုတ်ချက်မျှသာဖြစ်ပါတယ်။ ကဗျာပါသော ခုနှစ် သက္ကရာဇ် (၁၉၆၆ ခုနှစ်) ကို မမေ့မလျော့ပါရန်။

၃။

မင်းလူညွန့်ကြူးဟာ လူလုံးလူဖန် သေးသေး၊ နားရွက်က ကြီးကြီး ဖြစ်ပါတယ်။ (ဆရာတိုက်စိုးတို့၊ ဆရာမြဇင်တို့ဟာလည်း လူလုံးလူဖန် သေးသေးလေးတွေပါပဲ) မင်းလူညွန့်ကြူးဟာ တက္ကသိုလ် ပညာတတ် လောကတွင် တိုးတက် (တိုးတက်သော ဆိုတာဟာ လက်ဝဲအမြင် ရှိတာကို ဆိုလို) ထက်မြက်သူ ဖြစ်ပါတယ်။ မြန်မာစာ အရေးအသားသစ်၊ ဗမာစာ အရေးအသားသစ် ဟူ၍ (စကားပြောသလို ရေးရန်) 'ဇင်နီးကြူး' ဂိုဏ်းမှ 'ကြူး' ဖြစ်ပါတယ်။ အဲဒီ စကားပြောသလို ရေးရန် မြန်မာစာ အရေးအသားသစ်မှာ ချက်နိုင်ငံ၊ ပရာဟာတက္ကသိုလ်မှ 'မင်းလတ်ရဲခေါင်' စာတမ်းမှ အစပြုတာလို့ ကျွန်တော် မှတ်သားမိပါတယ်။ 'မင်းလတ် ရဲခေါင်'မှာ 'ဖူးချစ်'၏ 'ကြိုးစင်ပေါ်မှ မှတ်တမ်း'ကို ဘာသာပြန်ခဲ့သူ ဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ သူဟာ ၁၉၉၀ လောက်က တရုတ် –မြန်မာ နယ်စပ်မှာ ကျည်သင့် ကွယ်လွန်ခဲ့တယ်လို့ သတင်းကြားပါ

mgyoe.com

mgyoe.com

SAMPLE BOOK


တယ်။ ပြန်ဆက်ပါ့မယ်။ ထိုစဉ်က ကျွန်တော်တို့မှာ 'ဇင်နီးကြူး' ဆန့်ကျင်ရေးစိတ်ဓာတ် တစ်ဖက်သတ် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒါဟာ တစ်ဖက်သတ် ချစ်တာလည်း ဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့်လည်း မင်းလုညွန့်ကြူးနှင့် ရင်းနှီး ချစ်ခင်ခဲ့ပါတယ်။ ဘယ်အချိန်၊ ဘယ်နေရာလို့လို့ မမှတ်မိတော့ပါဘူး။ မောင်လင်းယုန် (ရှမ်းပြည်) ရဲ့ ကြို့ကုန်းတိုက်ခန်းတွေ့ဆုံပွဲတွင်လား။ သူ၏အိမ် (တက္ကသိုလ်ရိပ်သာလမ်း ကျွန်းပင်ကြီးတွေ ရှိသော ဝင်းထဲရှိ ဆရာများရိပ်သာ၊ ထိုရိပ်သာတွင် ကဗျာဆရာတင်မိုးနှင့် အခန်းချင်းတွဲလျက် ဖြစ်ပါတယ်) တွင်လား။ လှည်းတန်းတွင်လား။ ဖြစ်ဖို့ များတာကတော့ လှည်းတန်းနှင့် လှည်းတန်း 'အောင်ကဖီး'တွင် ဖြစ်ဖို့ များပါတယ်။ ('အောင်ကဖီး'မှာ သခွပ်နီတို့အိမ်ခန်း၏ ဓားလွယ်ခုတ်တွင် ဖြစ်ပါတယ်) မိုးဝေမှ ကျွန်တော်တို့ ထွက်လာပြီးမှ ဖြစ်ဖို့ များပါတယ်။

သူ၏ ကဗျာစာအုပ်တစ်အုပ် အမှာ၊ အောင်ပြည့်တို့ ချယ်ရီမဂ္ဂဇင်း 'ကဗျာအလှ ရှာပုံတော်'၊ စာပေလောကထုတ် 'စာပေရေးရာ'စာအုပ်ကြောင့်လည်း ဖြစ်ဖို့ ရှိပါတယ်။ သို့သော် မင်းလုညွန့်ကြူးမှာ နောက်ဆုံးတွင် ကျွန်တော့်ကို အလျှော့ပေး၊ လိုက်လျောမြဲ ဖြစ်ပါတယ်။ သူ ကျွန်တော့်ကို မကြာခဏ သတိပေးလေ့ ရှိပါတယ်။ ကိုဝင်းအောင် (စာရေးဆရာကြီး ကျော်အောင်၏သား) ရေးသော ဝတ္ထုလား မသိ၊ တစ်ပုဒ်တွင်လည်း ထိုသို့ ရေးထားတာကို ကျွန်တော် ဖတ်မိပါတယ်။ အဲဒါကြောင့် ကျွန်တော် ဆွေးရပါတယ်။ ကိုဝင်းအောင်က မင်းလုညွန့်ကြူးကို 'ဦးညွန့်' ဟုခေါ်လေ့ရှိပြီး မင်းလုညွန့်ကြူးက သူ့ကို 'ဖိုးခွေး'ဟု ခေါ်ပါတယ်။

လှည်းတန်း 'အောင်ကဖီး'တွင် ကျွန်တော်တို့ တွေ့ကြစဉ်ကတည်းက မင်းလုညွန့်ကြူးဟာ ကျန်းမာရေးညံ့စ ပြုနေပါပြီ။ ဒါကို ကျွန်တော်လုံးဝ မသိပါဘူး။ တစ်ကြိမ်တွင် ကျွန်တော် သူနှင့် အော်ကြီးဟစ်ကျယ် ငြင်းခုံပါတယ်။ ပြောရင်း ပြောရင်း အသံကျယ်လာခြင်းပါပဲ။ သူ့မှာ ဆက်မပြောတော့ပါ။ ပြီးမှ အေးဆေးစွာ ဒီလို ပြောပါတယ်။

'ကျွန်တော့်ကို အထင်မလွဲပါနဲ့ဗျာ။ ကျွန်တော်က ခင်ဗျားတို့ဘက်

mgyoe.com

ကပါ။ ခင်ဗျားတို့ ခေတ်ပေါ်ကဗျာ ပိုကောင်း၊ ပိုတိုးတက်ဖို့ပါ။ အဲဒီတော့ဗျာ၊ ခင်ဗျားတို့ ရေးသူဘက်ကလည်း နည်းနည်း လျှော့ပါ။ ဖတ်သူဘက်ကလည်း နည်းနည်း တိုးလာပါလို့ ကျွန်တော် ဆန္ဒရှိတာပါ'ဟု ဆိုပါတယ်။ ကျွန်တော်တို့မှာ ကျွန်တော်တို့ ကဗျာပေါ်တွင် နေထိုင်ကာ ကျွန်တော်တို့ နေထိုင်ပုံကြောင့် လူမှုအဖွဲ့အစည်း၏ အငြင်းခံ၊ အပယ်ခံများ ဖြစ်နေပြီး အစဉ်အမြဲ ပြဿနာကို ကျော်ဖြတ်နေရသောအချိန် ဖြစ်ပါတယ်။ ထို့ကြောင့် စိတ်အလိုမကျမှုများ၊ မအောင်မြင်မှုများ၊ ဒေါသများ တရှိန်ရှိန် ရဲနေကြပါတယ်။ သို့သော် လည်းတန်း အမှောင်ထဲမှာ လှိုက်လှဲစွာ နှုတ်ဆက်၍ ထွက်သွားသော မင်းလှညွန့်ကြူး၏ ကျောကို ကြည့်၍ ကျွန်တော် ယနေ့တိုင် ဓာတ်ပုံရိုက်ထားသကဲ့သို့ စွဲနေပါတယ်။

၄။

(၁)
သူ သေပြီ
သူ သေပြီ
သူ သေပြီ

(၂)
ညတိုင်းလိုလို၊ သင့်ကို ကျုပ်သည်
သတ်ခဲ့ပြီ။
နီရဲဒေါသ၊ စူးရှဖောက်ထွင်း
သွေးချင်းချင်းနီ၊ သင် သေပြီလေ
အတ္တဒလိမ့်တုံး၊ အကြီးဆုံးအောက်
ကိုယ်လုံးချပ်ပြား၊ ပြားပြားသွားတာ
ငါ မြင်ပါလျက်၊ သင် ဘာကြောင့်
ထောင့်တထောင့်မှာ၊ ထောင့်ထောင့်မတ်မတ်
ရပ်နေသလဲ။

mgyoe.com

mgyoe.com

'သေခြင်းဆိုတာ
ဘာမှမဟုတ်၊ ကျုပ်တို့ငယ်ငယ်
ကစားရွယ်က၊ ကစားကြရင်း
ခဏခဏ၊ ပြောနေကြတဲ့
စကားလိုပဲ၊ တပွဲပြီးရင်
ပြန်ရှင်စမြဲပါပဲဗျာ'။

သင်နဲ့ ကျုပ်ဟာ
ဘယ်အခါမှ၊ တွေးရာခေါ်ရာ
မညီညာဘူး၊ ဘာဘဲဖြစ်ဖြစ်
ကျုပ် သတ်ပစ်တိုင်၊ မိနစ်ပိုင်းမှာ
သင် သေတာဘဲ၊ သေချာ စဉ်းစားကြည့်ပါဦး။

သေခြင်းဆိုတာ ဘယ်လိုပါလိမ့်။
ညမှာတော့ သေ၊ နေထွက်တာနဲ့
ရှင်သတဲ့လား။
ရှင်ခဲ့စမ်းပါ၊
ဒီတစ်ခါတော့၊ နေပါ ငါ သတ်ပစ်လိုက်မည်။ ။

**မင်းလှည့ွန့်ကြူး**

အဲဒီကဗျာဟာ ကျွန်တော်တို့ ပထမ မိုးဝေခေတ် (အောင်မော်၊ သန်းအုန်းတို့၏ မိုးဝေမှာ ဒုတိယ မိုးဝေခေတ်ဖြစ်ပြီး ထို ဒုတိယ မိုးဝေခေတ်ဟာ ခေတ်ပေါ်ကဗျာ အရှိန်ကောင်းခဲ့ပါတယ်) တွင် တစ်ပုဒ်တည်းသော မင်းလှည့ွန့်ကြူး၏ ကဗျာပါပဲ။ တစ်ပုဒ်ဆို ဆိုသလောက်လည်း ကျွန်တော်တို့ မှတ်မိခဲ့ပါတယ်။ ကျွန်တော့် ရေးသားနေမှုဟာ ကဗျာသဘောတရားကို မရည်ရွယ်သောကြောင့် မင်းလှည့ွန့်ကြူး၏ ကဗျာ

mgyoe.com

များကို အကျယ် မပြောလိုပါဘူး။ အများကြီး ရှိပါသေးတယ်။ သို့သော် ကျွန်တော်တို့ထက် အရင် ခေတ်ပေါ်ကဗျာဘက်သို့ တိမ်းစောင်းလျက် ရှိကြောင်း ကျွန်တော်တို့ နားလည် သိရှိနိုင်ပါတယ်။ များသောအားဖြင့် 'ရှုမဝမဂ္ဂဇင်း'မှာ များပါတယ်။ 'တစ်ကျပ်တန် ကြွေးကြော်သံ'၊ 'ဘိုးဘိုးအောင် ဈေး'၊ 'ည ကဗျာဆရာ၊ မနက် မော်ကွန်းထိန်း' စသည် စသည်။

၅။

မင်းလှညွှန့်ကြူးက ကျွန်တော့်ကို တစ်ကြိမ်မက ပြောပါတယ်။ 'ကျုပ် ဘယ်တုန်းကမှ အချစ်ကဗျာ မရေးခဲ့ဘူး။ ဘယ်တော့မှလည်း ရေးမှာ မဟုတ်ဘူး' ဟူလို။ ကျွန်တော် စဉ်းစားမရပါဘူး။ ဖြစ်နိုင်တာက ဖိုမ တွယ်ငြိသော အချစ်ကို မရေးတာဟုပဲ မှတ်ပါတယ်။ ကမ္ဘာကို ချစ်တာ၊ တိုင်းပြည်ကို ချစ်တာ၊ နိုင်ငံရေးကို ချစ်တာ၊ အနုပညာကို ချစ်တာ၊ စာပေကို ချစ်တာ၊ ကဗျာကို ချစ်တာ ... သူ၏ ကြီးမားမှုမှာ သာဓကများစွာ ရှိပါတယ်။ စာရေးဆရာ (ဦး) ကျော်အောင်နှင့် တွဲ၍ 'ဗီယက်နမ် စစ်ရာဇဝတ်ကောင်များ' (၁၉၆၇)၊ ၂၀ ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ' (၁၉၇၇)၊ 'ဖန်မီးအိမ် နန်းချည် ကျွမ်းအောင်နှင့် ၂၀ ရာစု နိုင်ငံခြား ဝတ္ထုတိုများ' (၁၉၉၉) ရွေးချယ်ချက်၊ ပြန်ဆိုချက်။ ဂျက်လန်ဒန်၏ 'ပင်လယ်ဝံပုလွေ' ဘာသာပြန်လက်ရာ။ အဲဒီကနေ ကျော်ကြည့်လိုက်ရင် ကျွန်တော်တို့ မမှီတမှီ ခေတ်မှာ ဂျာနယ်တွေ အများကြီး ရှိပါတယ်။ ထိုဂျာနယ်များမှာ နိုင်ငံရေး များပါတယ်။ ထိုဂျာနယ်များတွင် မင်းလှညွှန့်ကြူး၏ ကဗျာများမှာ ပြည်တွင်းစစ် ရပ်စဲရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြို့ပြနေ ကျေးလက်နေ အလုပ်သမား၊ လယ်သမားထု၏ ခက်ခဲကြမ်းတမ်းသော ပရိယေသနရေး၊ အဖိအနှိပ်ခံရမှုများကို ဖွဲ့သော ကဗျာများသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်၏ ဗီယက်နမ်စစ်နှင့် အမေရိကန် ဆန့်ကျင်ရေး ကဗျာများကဲ့သို့ ဖြစ်ပါတယ်။ အဲဒီတော့ သူ၏ အချစ်ကဗျာ မရေး ဆိုတာဟာ ကျွန်တော်တို့၏ သမိုင်းကွင်းဆက်ပြတ်မှု 'အဟ'ပဲ မဟုတ်ပါလား။

mgyoe.com

mgyoe.com
SAMPLE BOOK


သူဟာ 'ဘယ်တော့မှ အချစ်ကဗျာ မရေး'ကို ရင်ကော့၍ ပြော ပါတယ်။

၆။

အခြားသူများထက် စာလျှင် မင်းလှညွန့်ကြူးနှင့် ကျွန်တော်တို့မှာ သိပ်မတွေ့ဆုံဖြစ်တတ်ကြပါဘူး။ သူ့မှာ ပွဲများလမ်းများ ထွက်လေ့ မရှိ ပါ။ ကျွန်တော်တို့မှာလည်း သူ့ထံသို့ ကိစ္စရှိမှ သွားသလို ဖြစ်နေပါတယ်။ ကဗျာဆရာ တင်မိုးနှင့် အခန်းကပ်လျက် ရှိပေမဲ့ ကဗျာဆရာ တင်မိုး ထံသို့ ရောက်သော်လည်း ဘာကြောင့်မှန်း မသိ၊ သူ့အခန်းသို့ ကျွန်တော် မဝင်မထွက်ဖြစ်ခဲ့ပါဘူး။ သို့သော် အဲဒီအခန်းမှ တက္ကသိုလ်ရိပ်သာလမ်း နှင့် အင်းလျားလမ်းထောင့်ရှိ အိမ်သို့ ရောက်သောအခါ ကျွန်တော် အရောက်များခဲ့သည်မှာလည်း တိုက်ဆိုင်မှု ဖြစ်ပါသည်။ မြန်မာစာအဖွဲ့ မှာ ဆရာတိုက်စိုးနှင့်အတူ သူ ရုံးထိုင်နေ၍လည်း ဖြစ်နိုင်ပါသည်။

တစ်နေ့ ဖုန်းနံပါတ်ရ၍ ဖုန်းလှမ်းဆက်ကာ ရုံးသို့ ကျွန်တော် သွားတွေ့ပါတယ်။ 'ပင်လယ်ဝံပုလွေ' ဒုတိယအကြိမ် ထုတ်ဝေရန် ဖြစ် ပါတယ်။ သူ့မှာ ရုံးပေါက်ဝမှ ထွက်ကြိုနေပါတယ်။ (ထိုအဆောက်အအုံ မှာ ခြေတံရှည် သစ်သား အဆောက်အအုံဖြစ်ပြီး ရေနံများ မည်းနေအောင် သုတ်ထားပါတယ်။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးဟု ထင်ပါတယ်)

'ဟော့လူ ... စာမူခရော ပေးမှာလားဗျ' လို့က်လှဲ ခင်မင်စွာ နှုတ် ဆက်စကား ဆိုပါတယ်။ ထို့နောက် သီးသန့် သူ့ရုံးခန်းဆီ ဖက်လဲ တကင်း ခေါ်ဆောင်ပါတယ်။ ထိုင်မိကြတာနဲ့ ထုံးစံအတိုင်း ကဗျာကိစ္စ ငြင်းခုံကြပြန်ပါတယ်။ ဒီတစ်ခါမှာတော့ သူဟာ တက်ကြွလာပါတယ်။ (ဘယ်လောက် တက်ကြွလာသလဲဆို သူ့အသက်ကို သေစေနိုင်တဲ့ ဆေး လိပ်ကိုပင် ပြန်သောက် ကောက်ဖွာပါတော့တယ်) အသံ ကျယ်လာပါတယ်။ ရုံးဝန်ထမ်းများမှာ သူ့အခန်းဝဆီ သိသိသာသာ ပြူတစ်ပြူတစ် လုပ်လာ ကြပါတယ်။ သူတို့ ဆရာ၊ သူတို့ အရာရှိမှာ တစ်ခါမှ ဒီလို အသံကျယ် ကျယ်၊ စကား ရှည်ရှည်လျားလျား ပြောဆိုသံ မကြားဖူးကြ၍ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ပြန်သောအခါမှာလည်း ရုံး၀အထိ လိုက်ပို့ပါတယ်။ ဒါဟာ မင်းလှညွန့်ကြူးနှင့် ကျွန်တော် နောက်ဆုံးမျှနီးနီး တွေ့ဆုံခဲ့ခြင်း ဖြစ်၍ အလွန် လွမ်းဖွယ်ကောင်းပါတယ်။

၇။

အဲဒီ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့်အိမ် ကျွန်တော့်မှာ အရောက်အပေါက် များခဲ့ပါတယ်။ ကျန်းမာရေး သတင်းမေး၊ မောင်သစ်မင်းက မိတ်ဆက်ပေးပါ ဆို၍၊ အခြား စာမူကိစ္စ စသဖြင့် ရောက်ရောက်နေပါတယ်။ ကျွန်တော်တို့ ဧည့်ခန်း၌ စကားပြောဆိုကြလျှင် သူ၏ဇနီးသည်မှာ ခြေသံထိန်း၍ ဝိညာဉ်ဖြူလေးပမာ ကျွန်တော်တို့အနားမှ ဝင်လိုက်ထွက်လိုက် ရှိနေပါတယ်။ ခဏနေ ပြန်ရောက်လာ ပြန်၊ ခဏနေ ရောက်လာ၊ ပြန်လာ၊ ပြန်ပေါ်လာတတ်ပါတယ်။ ဆိုလိုခြင်းမှာ ကျွန်တော် စကား သိပ်မများရန်၊ ကျွန်တော် မြန်မြန် ပြန်ရန် ဖြစ်ပါတယ်။ မင်းလှညွန့်ကြူးမှာ သွားများ ခေါလာသယောင် ရှိပါတယ်။ အကြောင်းမှာ အသက်ရှူ မကောင်းသောကြောင့် ဖြစ်ပါတယ်။ တစ်ဆင့်စကားအားဖြင့် (ဦး) ကျော်အောင်ကလည်း မိတ်ဆွေများကို 'မင်းတို့ မောင်မောင်ညွန့်ကို သွားသွားမတွေ့ကြနဲ့။ မောင်မောင်ညွန့်က မင်းတို့နဲ့ တွေ့တော့ စကားတွေ ပြော၊ မင်းတို့က တစ်ခါ ထပ်ပြောနဲ့ မင်းတို့ ပြန်တော့ မောင်မောင်ညွန့် အမောဆို့ ကျန်ခဲ့ရော။ မင်းတို့ မသွားကြနဲ့ ...' ဟန့်ခဲ့တာကို သတိရပါတယ်။ သူ၏ဧည့်ခန်းမှာ အောက်ဆီဂျင်အိုးနှင့် ဆေးစင် (ဆေးစင်မှာ ဆေးဆိုင်တမျှ ဖြစ်ပါတယ်) မှာ ထင်ရှားသလို ဖြစ်နေပါတယ်။

၈။

ကျွန်တော်တို့ မျှော်လင့်ထားသလိုပဲ သတင်းစာတွင် နာရေးသတင်း ပါလာပါပြီ။ ဦးမောင်မောင်ညွန့်၊ မင်းလှညွန့်ကြူး နာရေးသတင်း ပါပဲ။ ကျွန်တော်နှင့် မောင်သစ်မင်း နာရေးသတင်းမေး ရောက်ကြပါ

mgyoe.com

တယ်။ ရှာပနနေ့တွင် ကျွန်တော်တို့ 'လွမ်းသူ့ပန်းခွေ' ချဖြစ်ပါတယ်။ ' ဆရာ မင်းလူညွန့်ကြူးသို့ ... အောင်ချိမ့်၊ မောင်သစ်မင်း'ဟူ၍ စာတန်းထိုးပါတယ်။ အခုမှပင် 'ဆရာ' ခေါ်ဖြစ်ပါတော့တယ်။ မင်းလူညွန့်ကြူးမှာ ကျွန်တော်တို့၏ ဆရာတစ်ဆူ ဖြစ်ပါတယ်။ သေသူကို ရှင်သူက တ,ရတာပါပဲ။ သမိုင်းအရ ဖော်ပြရလျှင် ဆရာ မင်းလူညွန့်ကြူး၏ ရှာပနမှာ ကြဲတောသချိုင်း၏ နောက်ဆုံး ရှာပနဆောင်ရွက်မှု နေ့ရက်များဖြစ်ပါတယ်။

ဒီရေးသားမှုရဲ့ အပိတ်အနေဖြင့် ကဗျာဆရာအဖြစ်သာ (အချစ်ကဗျာ မရေးဖူးသော ကဗျာဆရာ) သူ့ကိုယ်သူ အလိုရှိသော ကဗျာဆရာ မင်းလူညွန့်ကြူးအတွက် သူ၏ကဗျာတစ်ပုဒ်ဖြင့် အဆုံးသတ်လိုပါတယ်။

**စက်နှိုးသံ**

(၁)
တစ်ချိန်က
ကျွန်ုပ်သည်လျှင်၊ သိုးများသျှင်တည့်
'ဟိုအင်ဟို' မြစ်စံ ချိုယန်တည်း။
သန့်စင်လေကို
နှလုံးပျို့၍၊ စွတ်လိုရကား
မြေသားအိုးခွက်၊ မြစ်ကမ်းထက်၌
ကွဲအက် ကျေမွစေသူတည်း။

(၂)
ကျွန်ုပ်သည်လျှင်
ထီးလှိုင်သျှင်တည့်
ဧရာဝတီရေ
စစ်တောင်းရေနှင့်၊ ရောမွှေသမ

mgyoe.com

 SAMPLE BOOK 

ရမည်နှင့် အတ္တရပ်ကို
စိမ်းစို အေးမြစေသူတည်း။

(၃)
ကျွန်ုပ်သည်လျှင်
မြင်စိုင်းဒေသ၊ ကာကသမား
ကာချင်းသားတည့်၊ မြားမိုးဖြိုင်ဖြိုင်
ကာယိုင်ယိုယို၊ ပိုင်ပိုင် ကခဲ့သူပင်တည်း။

(၄)
ကျွန်ုပ်သည်လျှင်
အသျှင်မင်းရဲကျော်စွာတည့်
ဤလောကတွင်
ထာဝစဉ်သာ၊ ရှင်သန်နေမည့်
သေသည့်အတတ်၊ ပညာရပ်ကို
ကမ်းခပ် တတ်မြောက်ခဲ့သူတည်း။

(၅)
ကျွန်ုပ်သည်လျှင်
ရှင်ငြိမ်းမယ်တည့်။
လယ်မှ ရွှံ့ကို
ရွှေလိုဝင်းလက်၊ ဖြစ်စေလျက်
ပေထက် အက္ခရာတင်သူတည်း။

(၆)
ယခင်ခါက
ကျွန်ုပ်များ ...

mgyoe.com

mgyoe.com

ယခု ကျွန်ုပ်၊ ခန္ဓာရုပ်သည်
မလှုပ်ယှက်ပြီ။
ကျွန်ုပ် ရုပ်တွင်၊ ပူးကပ်ဝင်လော့
ကျွန်ုပ်တွင် လုပ်စရာ၊ များစွာ များစွာ
ကျန်ရှိပါပြီ
လာလော့ အသော့
လာလော့ အလျင်
ယခင် ကျွန်ုပ်များ …။ ။

**မင်းလူညွန့်ကြူး**

(၁၉၆၉၊ မတ်၊ ရှုမဝရုပ်စုံမဂ္ဂဇင်းပါ မင်းလူညွန့်ကြူး၏ ကဗျာကို မူရင်းသတ်ပုံအတိုင်း ပြန်လည်ဖော်ပြပါသည် – ICON အယ်ဒီတာအဖွဲ့)

■

mgyoe.com

mgyoe.com · SAMPLE BOOK





## အောင်ခက်၊ သီတာ
## စာအုပ်တစ်အုပ်နှင့် ကာတွန်းတစ်ကွက်

၁။

'ပိုကာဝိုင်းများ'၏ စကားတစ်ခွန်းမှာ 'နောက်အိပ်တဲ့သူက အရင်ပျော်' ... ဟူ၍ ဖြစ်ပါတယ်။ အတွဲအကပ် မရှိသောကြောင့် ပစ်ဖို့ ဖယ်ထားသော ဖဲမှာ ဆွဲဖဲတက်၊ ကပ်ကာ နောက်တစ်ကြိမ် ဆွဲပြန်သောအခါမှာလည်း ထိုဖဲပင် ဖြစ်နေပြန်သောကြောင့် သုံးချပ်တစ်ထွေ ပြည့်သွားခြင်းကို ဆိုလိုပါတယ်။

တစ်နှစ်တွင် ကာတွန်း 'သီတာကြီး' (အဲဒါ ကလောင်အမည်ဟုတ်၊ မဟုတ် မသေချာလှပါဘူး။ ဆက်စပ်နိုင်စရာ တစ်ခုမှာ 'ရေကြည်ချမ်းမြ' ဖြစ်ပါတယ်။ နည်းနည်း ဆက်စပ် တွေးကြည့်စရာပေါ့လေ) မှာ တိုက်ဖွိုက် ဖြစ်ပါတယ်။ လူမှာ ယူပစ်လိုက်သလို အရိုးပေါ် အရေတင်။ သေခါနီး AIDS ရောဂါသည် 'ရှေ့ဟတ်ဆင်' ရုပ်အတိုင်း ဖြစ်နေပါတယ်။ သူကိုယ်တိုင်လည်း ဒါကို သိပြီး စိတ်ဓာတ်များ ကျဆင်းကာ 'အားတွေ

mgyoe.com

အင်တွေ ဘယ်ကနေ ထွက်ကုန်မှန်း မသိပါဘူး’ဟု ညည်းရှာပါတယ်။ မိတ်ဆွေ အပေါင်းအသင်းများမှာ ‘သီတာကြီး’ဆီ စိတ်ရောက်ပြီး စိုးရိမ်နေကြပါတယ်။ ထိုအခိုက် ကောက်ကာငင်ကာ လေဖြတ်ပြီး ‘အောင်ခက်’ ဆုံးပါတယ်။ နောက် အိပ်တဲ့သူက အရင် ပျော်သွားခြင်း၊ ဒါမှမဟုတ် လုသေသလို ဖြစ်ခဲ့ပါတယ်။

၂။

အောင်ခက်မှာ အညာမှ ယာများ၊ ကိုင်းများ ထုခွဲ၍ ရန်ကုန်ဆင်းပြီး စာပေနယ်ဝင်ဖို့ လမ်းရှာပါတယ်။ သူ့ဆရာမှာ စာရေးဆရာ အောင်လင်းဟု ဆိုပါတယ်။ ထို့ကြောင့် အောင်ခက်ပေါ့။ သူ့ကို ကျွန်တော်တို့ ထက် အရင် ခင်မင်သူများက ‘အညာသား’ဟု ပျစ်ပျစ် နှစ်နှစ် ခေါ်ပါတယ်။ တကယ့် အညာသားပုံ။ အသား ညိုညို၊ ရင်အုပ်၊ လက်မောင်း ကောင်းကောင်းနှင့် အညာ ယာသမား၊ ကိုင်းသမားပုံပါပဲ။ ထိုရုပ်ဆင်း အင်္ဂါ [အညာသား ပီသသောပုံ] ဖြင့် စိတ်ကောက် ရန်လိုတတ်ပါတယ်။

ဘယ်နေရာက စိတ်ကောက်လာမှန်း မသိသော အောင်ခက်က အိပ်ရာထဲ တန်းဝင်ကာ ဘယ်သူ့မှ စကားမပြောဘဲ ပုဆိုး ခေါင်းမြီးခြုံ အိပ်ချင် အိပ်နေတတ်သည်။ မနက် သူ ဘယ်အချိန် ထသွားသည်ကို ကျွန်တော်တို့ မသိ။

မြေချစ်သူ၏ ‘ရိုးပြတ်တော’အမှာမှ။

အောင်ခက်၏ ပြောင်မြောက်သော ရန်လိုမှုမှာ သူများ ညှော်ခံ တိုက်ကျွေးတာကို စားသောက်၍ ညှော်ခံသူ၏မျက်နှာကို တည့်တည့် ကြည့်ကာ ထိုသူကို ရန်တွေ့ခြင်းပါပဲ။ အဲဒါကို မကြာခင်က ကွယ်လွန်

mgyoe.com

mgyoe.com SAMPLE BOOK


သွားသော ဖိုးသန်းအုန်းကို ပြောပြရာ ပြုံးကာ 'နင်က ဒါကို အခုမှ သိတယ်၊ ဟုတ်လား'ဟု တွေ့ကြုံနေကျ ကိစ္စလို ပြောပါတယ်။

သူတို့ (အောင်ခက်၊ သီတာ) တစ်ဖက်ကမ်း ဒလသို့ ညနေ ညနေ အရက်သွားသောက်လေ့ ရှိပါတယ်။ ထိုခေတ် ဒလ အရက်က 'ကောင်းလို့'ဟု ဆိုပါတယ်။ အဲသလို အတူ သွားသွားသောက်နေပြီး တစ်နေ့ အောင်ခက် မြို့ထဲ စောထွက်လာကာ 'ဘယ်နေ့ ပင်လယ်ဝမှာ သီတာကြီး အလောင်း ပေါ်လာတဲ့သတင်း သတင်းစာမှာ ဖတ်ရမလဲ မသိဘူး'ဟု ပန်းဆိုးတန်း စာအုပ်တန်း တစ်တန်းလုံး လှည့်ပြောပါတယ်။

မြေချစ်သူ ဆုံးကြောင်း သတင်းကို ကျွန်တော်တို့ဆီ ဦးစွာ သူ လာပြောပါတယ်။ သူ့ ဘယ်ဘက်ပါးပြင်မှာ မျက်ရည်လုံးကြီးတစ်လုံး တင်လျက်။

## ၃။

တကယ်လို့ သီတာကြီးနဲ့ ခင်ဗျား တစ်ခါမှ မဆုံဖူးဘဲ ပထမ အကြိမ် ဆုံကြတာဆိုလျှင် ခင်ဗျားနှင့် မျက်လုံးချင်း ဆုံမိအောင် တစ်ချိန်လုံး သူ စောင့်ဆိုင်းနေတတ်ပါတယ်။ ဆုံလျှင် အချိုဆုံး ပြုံးပြပါလိမ့်မယ်။ (ဘယ်တက်ကျမ်းမှာ ဒါမျိုး ပါသလဲ) ပြီးလျှင် ဆေးလိပ်ဆို ဆေးလိပ်၊ အမြည်းဆို အမြည်း၊ အရက်ဆို အရက် ခင်ဗျားအတွက် အသင့် မှာယူပေးနေပါလိမ့်မယ်။ စကားကို ချိုအောင်၊ ဝါကျ ပြေပြစ်အောင် ညှော့ဝတ်ပြုနေပါလိမ့်မယ်။ မျက်နှာ အပြုံးဆမ်းထားလျက်။

ထိုကဲ့သို့သော သီတာနှင့် ထိုကဲ့သို့သော အောင်ခက်တို့မှာ သိသာစွာ တွဲကြပါတယ်။ တတွဲတွဲပေါ့လေ။ ကြားမှာ မြေချစ်သူ၊ ကိုပြုံး (မြေချစ်သူ ညီ)၊ မောင်မြင့်စိုး (ဗဂျီအောင်စိုး သား) လည်း ပါတတ်ပါတယ်။ ထိုစဉ် ထိုကာလက လူအများဟာ မိမိတို့ ရသလောက်ကလေးနှင့် ပျော်အောင် နေတတ်ကြပါတယ်။ တကယ် ပျော်၊ မပျော် ဆိုတာကတော့ ဘယ်လိုလုပ် သိမှာလဲ။


ကျွန်တော် မဖတ်ဖူးသော သီတာကြီး၏ ကာတွန်းတစ်ကွက်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော်တို့တစ်တွေ ကြိုက်ကြ၍ လက်တို့ ပြောကြပါတယ်။ လူတစ်ယောက် တွင်းတူးနေစဉ် တွင်းထိပ်မှ တွေ့သောလူက မေးပါတယ်။ 'ဘာတွင်း တူးနေတာလဲဗျို့'၊ တွင်းထဲမှ ပြန်ဖြေပုံမှာ 'မိုက်တွင်း၊ မိုက်တွင်း'ဟု ဖြစ်ပါတယ်။

၄။



အောင်ခက် နေသွားသမျှမှာ ဝတ္ထုတစ်အုပ်သာ ရေးသွားခဲ့ပါတယ်။ 'ရိုးပြတ်တော' ဖြစ်ပါတယ်။ 'ရိုးပြတ်တော'မှာ အညာ နံနက်ခင်း၊ နှင်းငွေ့နှင့် မြေသင်းနံ့ သင်းလျက်။ ကျွန်တော့်မှာ ထိုစာအုပ်ကို အလေးအနက် ထားပါတယ်။ နောက် အတွေ့အကြုံ တစ်ရပ်လည်း ရှိပါတယ်။ အောင်ခက်နှင့် မဆိုင်ပါဘူး။ လူရွယ်တစ်ယောက်မှာ ခပ်တည်တည် ကလောင်အမည် ယူထားကာ ဘယ်တုန်းကမှ ဘယ်စာမှ မရေးဖူးပါဘူး။ ခေတ်ကြီးက ရှုပ်ထွေးဆို မဟုတ်လား။

အဲဒီ ရှုပ်ထွေးသော ခေတ်မှာ ကျွန်တော်တို့ နေထိုင်ခဲ့တာ မဟုတ်လား။

၅။

သိတာကြီးမှာ ကျောက်မြောင်းတွင် မွေး၊ တစ်သက်လုံး ကျောက်မြောင်းတွင် နေ၊ ကျောက်မြောင်းတွင် ကွယ်လွန်ခဲ့တဲ့ ကျောက်မြောင်းသား။ ရည်းစားနှင့် တိတ်တဆိတ် ရုံးတက် လက်မှတ်ထိုးထားပြီး ထိုရည်းစားနှင့် ကွဲခဲ့ပါတယ်။ ထို့ကြောင့် သူ့အပြုံးအောက်တွင် အလွမ်းငွေ့ ရိပ်ရိပ် တွေ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လောကခံတရား တစ်ရပ်လည်း ပြောပြချင်ပါတယ်။ ရုပ်ရှင်မင်းသား ဇော်ခင်နှင့် ပတ်သက်သော အကြောင်းခြင်းရာပါပဲ။ ရန်ကုန်နေသူ ရန်ကုန်သားများ ရုပ်ရှင်မင်းသား ဇော်ခင်ကို တွေ့ဖူးကြမယ် ထင်ပါတယ်။ ရုပ်ရှင်မင်းသား ဇော်ခင်၏ ယခု အခြေအနေ။ သီတာကြီး ငယ်ငယ်က ဇော်ခင်ကို အလွန် စွဲလမ်းပါတယ်။ ရုပ်ရှင်ထဲက ဇော်ခင်လို ပစ္စတို သေနတ်ကို မျက်နှာပေါ် ကန့်လန့်ဖြတ် ကိုင်ပြီး ဓာတ်ပုံရိုက်ထားတာ ရှိပါတယ်။ အခုတော့ လမ်းပေါ်မှာ၊ ပလက်ဖောင်းပေါ်မှာ၊ အဖြူဆိုင်မှာ ဇော်ခင်နှင့် သီတာတို့နှင့်အတူ ခွဲခြားမှုမရှိ၊ ပေါင်းသင်းနိုင်ခဲ့ပါတယ်။ သီတာကြီး မဆုံးခင်အထိပေါ့။

၆။

ကျွန်တော် ဆွဲပြနေသော မျဉ်းကို စာဖတ်သူတို့ မြင်ပါ့မလား မသိဘူး။

စရိုက်ချင်း ဆန့်ကျင်ဘက်ဖြစ်သော သူတို့ နှစ်ယောက်မှာ အခင် အမင် လက်တွဲ မပျက်ခဲ့ပါ။ ဘယ်လောက်ဆို အောင်ခက် ဆုံးတာကို သီတာကြီး သိမသွားပါ။ အပေါင်းအသင်းများက အောင်ခက် ဆုံးကြောင်း သီတာကို မပြောပြရက်ကြပါ။

သူတို့ နှစ်ယောက်မှာ ကျွန်တော်တို့ သိသလောက် အောင်ခက်မှာ 'ရိုးပြတ်တော'တစ်အုပ်သာ ရေးခဲ့၍ (အတိုအစများကို ထည့်မတွက်ပါ)၊ သီတာကြီးမှာ ကျွန်တော် လက်ဆင့်ကမ်း ကြားဖူး၍ ကြိုက်ခဲ့သော ကာတွန်းတစ်ကွက်သာ ရှိခဲ့ပါကြောင်း။

■

mgyoe.com

mgyoe.com SAMPLE BOOK



## ခင်ဝမ်း
## ပြည်မှာ ဆောင်း

၁။

ခင်ဝမ်းကို အဝေးက မြင်လျှင်ပင် ခင်ဝမ်းဟု သိနိုင်ပါတယ်။ သူ့ရဲ့ ထူထဲတဲ့ မျက်နှာ၊ ဆံပင် ပွပွရိုင်းရိုင်းနဲ့ သူ့ကိုယ်ဟန်ကို ခင်ဗျား မှတ်ဉာဏ်မှာ အလွယ်တကူ မြင်လာပါလိမ့်မယ်။ ခင်ဝမ်းနဲ့ အနီးမှာ ထိုင်ဖူးရင်တော့ ခင်ဝမ်းဟာ 'မသေနိုင်တဲ့ ရုပ်ဒြပ်ကြီး'လို တောင့်တင်း ခိုင်ခံ့လှတယ်လို့ ယုံကြည်မှု စိတ်ထဲ ရောက်လာနိုင်ပါတယ်။

၂။

ဒါပေမဲ့ ၂၀၀၀ ပြည့်နှစ်ထဲမှာ ခင်ဝမ်း သေခဲ့တယ်လေ။

၃။

သူ ဆုံးတဲ့နေ့က ပန်းချီဝင်းဖေမြင့်ရဲ့ 'တိမ် ၁၀၀'ဆိုတဲ့ ပန်းချီ

mgyoe.com

ပြပွဲ ပန်းဆိုးတန်းမှာ ရှိတော့ ကျွန်တော် ပန်းချီပြခန်းအဝင်မှာ ပန်းချီ ဖေညွန့်ဝေက ထွက်ကြိုပြီး 'ဘဲကြီးတော့ ဆုံးပြီဗျာ' တဲ့။ ကျွန်တော်က 'ဘယ်သူလဲ၊ ဘဲကြီး' ဆိုတော့ 'ကိုခင်ဝမ်းလေ'တဲ့။ အဲဒီနေ့က အတော် ပူပါတယ်။ ကျွန်တော် စိတ်ကူးလာတာ ဒီအပူကြီးထဲက 'တိမ် ၁၀၀' ဆိုတဲ့ တိမ်တွေကို ကြည့်လိုက်ရရင် နည်းနည်းများ အေးသွားမလား ပေါ့လေ။ အပူ လျော့သွားမလားပေါ့လေ။ အဲဒီ စိတ်ကူးနဲ့။ ဒါပေမဲ့ ခင်ဝမ်း ဆုံးတဲ့သတင်းက ဆီးကြိုခဲ့ပါတယ်။

ဈာပနမှာ အမှတ်ရဖွယ် တစ်ကွက်မှာ စကားနည်းလှတဲ့ ကာတွန်း သော်ကဟာ ခံစားမှုဖြစ်လာဟန် တူပါတယ်။ အစီအစဉ်မရှိဘဲ အခမ်း အနားပမာ စကား ထပြောခဲ့တာပါပဲ။ ဘာသာရေးနွှယ်ပြီး ပြဿနာ အန္တရာယ်မဖြစ်အောင် ထိန်းပြောပါတယ်။ မမြဲခြင်းပေါ့လေ။ အခမ်းအနား တစ်ခု ဖြစ်အောင်ပေါ့။ ကျွန်တော် ယခုထက်တိုင် မြင်ယောင်၊ ကြား ယောင်နေတာကတော့ 'ဒါပဲလား'၊ 'ဒါနဲ့ ပြီးရတော့မှာလား'၊ 'ဘာမှ မလုပ်ကြ ဘူးလား'ဆိုတဲ့ ကိုသော်ကရဲ့ အံ့သြ ဝမ်းနည်းမှုမှ အသံထွက်မှု ပါ။ 'အရေးကြီးပါတယ်'လို့လည်း လေးနက်စွာ ပြောကြားခဲ့ပါတယ်။

၄။

သဘောတရားတစ်ခုမှာ ၁၊ ၂၊ ၃၊ ၄ ရေတွက်မှု ၁၀၀ တင်းတင်း ပြည့်တဲ့အခါမှာ အရည်အချင်းတစ်ခုသို့ ရောက်ပါတယ်။ အဲသလို ၁၀၀ ပြည့်တဲ့ အကြိမ်တိုင်း၊ အခါတိုင်း ခင်ဝမ်း အတွင်းက သိနေတယ်လို့ ဆိုနိုင်ပါတယ်။ စိတ္တဇပန်းချီ၊ မျက်နှာစိမ်း၊ မြားဘုရင်၊ ဒြပ်မဲ့ပန်းချီ၊ နှင်းဆီဖြူရဲ့ အဝေးက လူတစ်ယောက် စသည်တွေဟာ ၁၀၀ ပြည့်ခဲ့တဲ့ အကြိမ်တွေရဲ့ အမှတ်အသားတွေ မဟုတ်လား။

သူဟာ သူ့အနုပညာကို သူ သိ၊ သူ့အကြောင်းကို သူ သိ၊ သူ့အချိန် အခါကိုလည်း သူ သိခဲ့တာပေါ့လေ။

သူနဲ့ ကျွန်တော် ပထမဆုံးအချိန်ကို ကျွန်တော် မှတ်မိပါသေး တယ်။ မိုးဝေ အဆူညံဆုံး ခေတ်မှာပေါ့လေ။ ပန်းဆိုးတန်း SAMB ရုံး

mgyoe.com

mgyoe.com

အနီး လက်ဖက်ရည်ဆိုင် (ရွှေမြို့တော် ဆိုလား) မှာပါ။ ကျွန်တော် မိုးဝေအဖွဲ့သားမှန်းလည်း သူ သိတော့ ကျွန်တော် စကားပြောပြီးတိုင်း စားပွဲကို အားယူ ထကာ 'မဟုတ်ဘူးဗျ'လို့ ဆိုပါတယ်။ ပြီး သူ ဆက်ပြောသောအခါ ကျွန်တော် ပြောတာကို ထောက်ခံတာပါ။ ဒါ တစ်ခါ မဟုတ်၊ နှစ်ခါ မဟုတ်ပါ။ ကျွန်တော် ပြောပြီးတိုင်း သူ ထပြောတာပါ။ ကျွန်တော်တို့ရဲ့ နိုင်ငံတကာကဗျာ၊ မိုးဝေကဗျာကို အမှန်က သူ လက်ခံပါတယ်လို့ ပြောချင်ပုံပါ။ ဒါပေမဲ့ 'မဟုတ်ဘူးဗျ' နဲ့ စပါတယ်။ ဝိုင်းပြီးတော့ အပြန်မှာ ကျွန်တော့်အဖော်ကို ကျွန်တော် ပြောပြပြီး ပေါ့ပေါ့ပါးပါး ရယ်မောမိပါတယ်။ ၁၉၇၀ သာသာမှာပေါ့။

၅။

ကျွန်တော်ဟာ ပန်းချီဆရာတွေနဲ့ အနေများ၊ အတွဲများပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်မှာ ပန်းချီ၊ ပန်းပု ကောင်စီမှ နှစ်စဉ် ပြည်လုံးကျွတ် နှစ်ပတ်လည် ပန်းချီ၊ ပန်းပုပြပွဲများကို အင်ဖွိုင်းခန်းမ (ယခု တပ်မတော်ခန်းမ) မှာ ပြသလေ့ ရှိပါတယ်။ (ကျွန်တော် တစ်ပွဲမှ လွတ်သည် မထင်ပါ) ထိုမှ လိပ်ခုံး၊ ယုဒသန်၊ ဆရာဝန်အသင်းတိုက်၊ YMCA ပွဲများမှ နောက်ဆုံး ၂၀၁၁ ဘဌေးကြည်ပွဲ The Door အဆုံး သိသလောက်၊ ရသလောက် တာဝန်လို ကြည့်ခဲ့ပါတယ်။

ပန်းချီကားများနဲ့ ပတ်သက်ပြီး ပြောရလျှင် ရထားလမ်း နှစ်ခုကြားမှာ ရပ်ကွက် (ပွင့်ကောင်းစက်ရုံအနီး)၊ ကိုမျိုးညွန့် (မောင်ဒီ) နေထိုင်စဉ်တုန်းက ရရာ ပိတ်စ၊ ရရာ ဆေးရွှံ့များဖြင့် ရေးဆွဲထားသော ပန်းချီကားတချို့ ကြည့်ခဲ့ဖူးပြီး ထိတ်လန့်ဖူးပါတယ်။ ကောင်စီ နှစ်ပတ်လည် ပွဲများမှာလည်း မောင်ဒီ (ထိုစဉ်တုန်းက 'မျိုးညွန့်') ကားများကို စွဲလမ်းခဲ့ပါတယ်။

အဲဒီကနေ ဆရာဝန်များ အသင်းတိုက်မှာ 'မျက်နှာစိမ်း' ခင်ဝမ်း ပန်းချီပြပွဲကို အံ့သြ နှစ်သက်မိပါတယ်။ ပြပွဲအမည်က အစပေါ့။ အဲဒီပွဲမှာ ကားတစ်ကားဖြစ်တဲ့ 'အဖေ့သွား ရေထဲမှာ အိပ်တယ်'ဆိုတာ ပါပါတယ်။

mgyoe.com

m g y SAMPLE BOOK 

ဆေးနဲ့ ကင်းဗတ်နဲ့ ပန်းချီကားပါ။ ဖန်ခွက်ထဲ သွားအံပုံ ထည့်ထားပြီး ပြတာ မဟုတ်ပါဘူး။ အဲဒီပွဲမှာ 'မင်းဟာ ကျေးတောသူလေး ဖြစ်တယ်' ဆိုတဲ့ ပန်းချီကားကို သိဒ္ဓတ္ထလှိုင် (သုခမိန်လှိုင်) က ၃၀၀ နဲ့ ဝယ်တာ ကျွန်တော် မှတ်မိနေပါတယ်။ (ရန်ကုန်–ပြည် ရထားလက်မှတ်ခမှာ ၇ ကျပ်၊ ပြား ၅၀ ဆိုတာ သတိပြုပါရန်) အဲဒီ ပန်းချီကားဟာ သမိုင်းကြောင်း ရှိပါတယ်။

၆။

ဆေးတက္ကသိုလ်ရှေ့ ကွက်လပ်က လိပ်ခုံးသဏ္ဍာန် အဆောက်အအုံကြီးတစ်ခုကို အားလုံးက 'လိပ်ခုံး'ဟု ခေါ်ပါတယ်။ အဲဒီ လိပ်ခုံးမှာ တက္ကသိုလ်နယ်မြေလည်း ဖြစ်တဲ့အလျောက် တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ ကိုယ်တိုင်၊ သို့မဟုတ် ကျောင်းသားကျောင်းသူများ ဦးစီးသော ပန်းချီပြပွဲများ ပြသလေ့ ရှိပါတယ်။ (ယခု ထိုလိပ်ခုံးကြီး မရှိတော့။ ကျောက်စီပန်းချီနံရံကြီးတော့ ရှိသေး ထင်) များသောအားဖြင့် ကိုအောင်မြင့် သူငယ်ချင်း မိတ်ဆွေများ၏ 'ဇင်္ဂမီ' ပြပွဲများ။ ဘိုလို movement လို့ ပြန်ပါတယ်။ ထို ဇင်္ဂမီပွဲများမှာ ၆ ကြိမ်အထိဟု ကျွန်တော် မှတ်သားပါတယ်။ တစ်ကြိမ်မှာ ခင်ဝမ်းဟာ ဂစ်တာကို ကောက်ပွေ့ပြီး ရင်ခွင်ထဲ ပိုက်ကာ တီးပါတယ်။ ဂစ်တာကို သူ့ရင်ခွင်မှာ ပိုက်ထားပုံဟာ မိခင်၏ သားငယ်ကိုပိုက်တဲ့ ပမာပါပဲ။ (ကိုအောင်မြင့်ရဲ့ ကျော်ကြားတဲ့ 'Mother and Child' ပန်းချီကားများဟာ အဲဒီ ခင်ဝမ်းဂစ်တာပိုက်ပွေ့နေပုံက စီးဆင်းလာတာလားလို့ တစ်ခါတစ်ခါ ကျွန်တော် ချော်တွေးပါတယ်) အတီး ပျိုးပြီး အဆို အဝင်မှာ သူ့တစ်ကိုယ်လုံး လှိုင်းလုံး လိမ့်လိမ့်တက်လာသလို ရှိပါတယ်။ ဆိုတဲ့ သီချင်းသံက 'နှစ်ကိုယ်ယှဉ်တွဲ ...' (အချစ်ဟောင်းရဲ့ လက်ထပ်မင်္ဂလာ) စိုးပိုင် သီချင်းပါ။ သူ့အသံက သေးပြီး ချိုပါတယ်။ ဒီခန္ဓာ၊ ဒီရုပ်ကြီးနဲ့ ဒီသီချင်းကိုမှ ရွေးဆိုလိုက်ပုံများ။ နောင် 'နှင်းဆီဖြူ' ထွက်လာတော့ ကျွန်တော့်အဖို့ သိပ်မထူးဆန်းလိုက်ရပါဘူး။

mgyoe.com